မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇွန် ၂၆ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၆၄)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ငလျင်ဒဏ်သင့် တာလေမြို့ကို သုံးလခန့်အတွင်း ရာနှုန်းပြည့်နီးပါး ပြန်လည်ထူထောင်နိုင်ခဲ့

ကျန်ရစ်သူမိသားစုများကို လူမှုရေးအကူအညီ၊ စိတ်ဓာတ်ရေးရာမြှင့်တင်မှုများ ဆက်လက်ဆောင်ရွက်

ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို စေတနာရှင်ပြည်သူများနှင့်အတူ ဆက်လက်ကူညီသွားမည်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တာလေမြို့ တိုက်နယ်ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသော လူနာများအား အားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဇွန် ၂၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ပြီး နံနက် ၈ နာရီခွဲတွင် ရှမ်းပြည်နယ် ဟဲဟိုးမြို့သို့ ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဟဲဟိုးလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်လိုက်ပါလျက် ဟဲဟိုးမြို့မှ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး တာချီလိတ်မြို့သို့ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် တာချီလိတ်လေဆိပ်ဧည့်ခန်းမဆောင်၌ ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအောင်သူက တာချီလိတ်မြို့နယ်နှင့် တာလေမြို့တို့၌ ငလျင်လှုပ်ခတ်ခဲ့မှုနှင့် ပျက်စီးဆုံးရှုံးမှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ ငလျင်ဒဏ်သင့် ပြည်သူများသို့ ထောက်ပံ့ငွေနှင့် ပစ္စည်းများပံ့ပိုးပေးမှုအခြေအနေ၊ ပျက်စီးသွားသည့် ဌာနဆိုင်ရာအဆောက်အအုံများ၊ *စာမျက်နှာ ၈ ကော်လံ ၁* ❍

အားပေးစကားပြောကြား

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဖကန်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်၌ ကျောင်းသား ကျောင်းသူများကို အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

မိုးရွာသွန်းမှုများ

၂၅-၆-၂၀၁၁

ဓမြို့	၁၃ ဒသမ ၄၆ လက်မ
မောင်တောမြို့	၇ ဒသမ ၀၉ လက်မ
ငါးသိုင်းချောင်းမြို့	၆ ဒသမ ၃၀ လက်မ
ဘားအံမြို့	၅ ဒသမ ၅၉ လက်မ
သံတွဲမြို့	၅ ဒသမ ၄၇ လက်မ
ဇလွန်မြို့	၄ ဒသမ ၀၉ လက်မ
မာန်အောင်မြို့	၄ ဒသမ ၀၂ လက်မ
ကျိုက်မရောမြို့	၄ ဒသမ ၀၂ လက်မ
ပဲခူးမြို့	၃ ဒသမ ၉၀ လက်မ
ကော့ကရိတ်မြို့	၃ ဒသမ ၆၆ လက်မ
သထုံမြို့	၃ ဒသမ ၆၆ လက်မ
မုဒုံမြို့	၃ ဒသမ ၆၆ လက်မ
လှိုင်လင်မြို့	၃ ဒသမ ၅၄ လက်မ

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဇွန် ၂၆ ရက်)

မူးယစ်ဆေးဝါးအန္တရာယ် ပိုင်းဝန်းတိုက်ဖျက်ကာကွယ်

ယနေ့ ဇွန် ၂၆ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ဖြစ်သည်။ မူးယစ်ဆေးဝါးသည် နိုင်ငံအသီးသီး၏ စီးပွားရေး၊ လူမှုရေး၊ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အန္တရာယ်ပြုလျက်ရှိသည်။

မူးယစ်ဆေးဝါးသည် နိုင်ငံကြီးငယ်မရွေး၊ ဆင်းရဲချမ်းသာမရွေး အန္တရာယ်ပေးခြိမ်းခြောက်နေလျက်ရှိရာ ယင်းအန္တရာယ်ပြုခြိမ်းခြောက်နေမှုကို ကာကွယ်တားဆီးနိုင်ရန်အတွက် ကမ္ဘာတစ်ဝန်း နိုင်ငံအသီးသီးနည်းတူ မြန်မာနိုင်ငံတွင်လည်း တစ်ချိန်တည်း၊ တစ်ပြိုင်တည်း တက်ကြွစွာလှုပ်ရှား ပါဝင်ဆောင်ရွက် လျက်ရှိသည်။

မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ခရိုင်နှင့်မြို့နယ်များရှိ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်ကာကွယ်ရေးအဖွဲ့များက ပြည်သူလူထုတစ်ရပ်လုံးနှင့် ဟန်ချက်ညီညီ လက်တွဲပူးပေါင်းကာ တိုက်ဖျက်လျက်ရှိသည်။

မူးယစ်ဆေးဝါး၏သားကောင်လူငယ်များသည် မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ခံစားရသော နောက်ဆက်တွဲဆိုးကျိုးများ အထူးသဖြင့် HIV/ AIDS ကဲ့သို့ ကြောက်စရာရောဂါဆိုးများကျရောက်ခံစားရပြီး မရှုမလှသေဆုံးကြရသည်။ စိတ်ကြွရူးသွပ်ဆေးဒဏ်ကြောင့် လူဖြစ်ရှုံးပြီး ဘဝဆိုးများကို တွေ့ထိခံစားကြရသည်။

ကောင်းကျိုးမပေးသော မူးယစ်ဆေးဝါးကို မည်သူမျှ၊ မည်သည့်နည်းနှင့်မျှ သုံးစွဲခြင်းမျိုးမရှိရန် ပြည်သူလူထုတစ်ရပ်လုံးကိုသော်လည်းကောင်း၊ ကျောင်းသားလူငယ်များကိုသော်လည်းကောင်း အသိပညာဖြန့်ဖြူးပေးခြင်း၊ ပညာပေးစည်းရုံးခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို မိမိတို့တစ်နိုင်ငံတည်း ဆောင်ရွက်၍မရဘဲ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည်ကို သိရှိနားလည်သည်နှင့်အညီ ဒေသတွင်း၊ ဒေသခွဲအတွင်း နားလည်မှုစာချွန်လွှာ၊ နှစ်နိုင်ငံသဘောတူညီချက်၊ အိမ်နီးချင်းနိုင်ငံများနှင့် နှစ်နိုင်ငံသဘောတူ လက်မှတ်ရေးထိုးပြီး တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။

မူးယစ်ဆေးဝါးအန္တရာယ်သည် လူသားမျိုးနွယ်တစ်ရပ်လုံးကို အန္တရာယ်ပြုခြိမ်းခြောက်လျက်ရှိရာ မူးယစ်ဆေးဝါးကို မြန်မာ့မြေပေါ်မှသာမက ကမ္ဘာ့မြေပေါ်မှ လုံးဝပပျောက်သွားရန် ပိုင်းဝန်းတိုက်ဖျက်ကာကွယ်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ သန်လျင်မြို့နယ်၌ ကျင်းပ

ရန်ကုန် ဇွန် ၂၅

ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန ၂၀၁၁ခုနှစ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇွန် ၂၃ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင် သီလဝါလမ်းမကြီးပေါ်ရှိ ယာယီမဏ္ဍပ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာ/အခွန်၊ သားငါးနှင့်သစ်တောဝန်ကြီးဌာန ဝန်ကြီး ဦးသန်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမြင့်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုင်းသော်ဝင်းတို့က ပျိုးပင်များကို ဌာနဆိုင်ရာနှင့် လူမှုရေးအသင်းအဖွဲ့များထံ ပေးအပ်ကြပြီး သတ်မှတ်နေရာအသီးသီး၌ အမှတ်တရသစ်ပင်များ စိုက်ပျိုးပေးကြသည်။ (အပေါ်ပုံ)

စိုက်ပျိုး

ရန်ကုန်တောင်ပိုင်းခရိုင် ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် တက်ရောက်လာသူများက ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ ခရေ၊ ကံ့ကော်၊ ပျဉ်းမ၊ စိန်ပန်းဝါ၊ ထောက်ကြံ့ သစ်ပင်မျိုးများ စုစုပေါင်း ၂၅၀၀ကျော် စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ (ဝ၄၉)

တောင်သူများသို့ တီစူပါထောက်ပံ့ပေးအပ်ပွဲ မြောင်းမြမြို့နယ်၌ကျင်းပ

မြောင်းမြ ဇွန် ၂၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်အတွင်းရှိ တောင်သူများသို့ သွင်းအားစု(မျိုး/တီစူပါ)များ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၅ ရက် နံနက် ၁၀ နာရီက မြောင်းမြမြို့ သရက်ကုန်းကျေးရွာ၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်က အမှာစကား ပြောကြားပြီး မြောင်းမြနဂါးကုမ္ပဏီက တောင်သူများသို့ (မျိုး/တီစူပါ)များကို ထောက်ပံ့ပေးအပ်သည်။ (အပေါ်ပုံ)

ထို့အပြင် အဆိုပါကုမ္ပဏီက မဒေါ့ချောင် လယ်ယာကုန်ထုတ်အသင်းသို့ မျိုး ၁၂၂၆ တင်း၊ တီစူပါ ၃၀၆ ဒသမ ၅ အိတ်၊ သရက်ကုန်းကျေးရွာ ဆင်းဇေရီ လယ်ယာကုန်ထုတ်အသင်းသို့ မျိုး တင်း ၅၈၀၊ တီစူပါ ၁၄၅ အိတ်၊ ကုန်းသာကျေးရွာ မြစိမ်းရောင် လယ်ယာကုန်ထုတ်အသင်းသို့ မျိုး ၉၃၄တင်း၊ တီစူပါ၂၃၃၅အိတ် ထောက်ပံ့ပေးအပ်ခဲ့ပြီး ဖြစ်ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

YPGG ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၅

ယုဇနပလာဇာ ဂေါက်သီးရိုက်အသင်း(YPGG)ရန်ကုန်၏ (၄၁)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင် ၉ ရက် (စနေနေ့) နံနက် ၆ နာရီခွဲတွင် လှည်းကူးမြို့နယ် ရဲမွန်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းသားတိုင်း ပါဝင်နိုင်ရန်နှင့် ဦးချစ် ဖုန်း-၀၉-၅၁၀၅၄၃၅၊ ဦးတင်ရွှေ ဖုန်း-၀၉-၅၁၆၈၁၇၈၊ ဦးကျော်ဝင်း ဖုန်း-၀၉-၅၁၅၄၄၀၈၊ ဦးထွန်းထွန်းဦး ဖုန်း - ၀၉-၅၀၁၆၆၁၆ တို့ထံသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ပေါက်ခေါင်းမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ မေ ၂၉ ရက်က ခြင်ဆေးဖျန်းလုပ်ငန်း ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုပြိုင်ပွဲ ဒိုက်ဦး၌ ကျင်းပ

ဒိုက်ဦး ဇွန် ၂၅

၂၀၁၁ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒိုက်ဦးမြို့နယ် အား/ကာကော်မတီနှင့် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုပြိုင်ပွဲကို ဇွန် ၈ ရက်က ကောလိယခန်းမ၌ ကျင်းပရာ အဆိုပါပြိုင်ပွဲတွင်ပထမဆုရရှိသော မမြဇေကရီစိုး (သံတားရပ်ကွက်)အား ဒိုက်ဦးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြတ်မျိုးနွယ်က ဆုပေးအပ်ချီးမြှင့်သည်။ (ယာပုံ)

ပြိုင်ပွဲတွင် ၂၈ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ဂုဏ်ပြုဆု၊ တတိယဆုနှင့် ဒုတိယဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် အား/ကာ)

စာအုပ်စာပေ လူ့မိတ်ဆွေ

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ထွက်ခွာသွားသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇွန် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Duma လွှတ်တော်ဥက္ကဋ္ဌ H.E.Mr.B.V. Gryzlov၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ရန် ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

လိုက်ပါသွား

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်ထွန်း၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးစံထွန်း၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူး ဦးမောင်တိုး၊ ပြည်သူ့လွှတ်တော်လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ဦးလှမြင့်ဦး၊ ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အတွင်းရေးမှူး ဦးသန်းမြင့်၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့ဝင် ဒေါက်တာဝင်းမြင့်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ဦးညွှန့်တင်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင်ဦးနေဝင်းထွန်းနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ရှိ ကော်မတီများ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Mikhail MGELADZE နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၆-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**ပဋိသမ္ဘိဒါဉာဏ်ကို လေ့လာသုံးသပ်ခြင်း** တရားတော် (အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ နန္ဒမာလာဘိဝံသ)
၆:၄၀	ဘွဲ့အမည်နာမတော် သုံးမျိုးနဲ့ ထင်ပေါ် ဘုရင်ညီနောင်ရတနာ လိုဏ်ဂူတော်
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၄၆)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၀၄)
၈:၅၀	ပျော်ရွှင်ကြည်နူး အေးငြိမ်းချမ်းသာ စိမ်းလဲ့တင်ဇည့်ရိပ်သာ
၉:၀၅	ငြိမ်းချမ်းရေးလေပြည် ဆောင်ယူရာမှဖြစ်တည်လာသော ပန်းတစ်ခိုင်...
၉:၃၀	Sunday Talk (ဦးစောနု၊ မျိုးမြတ်သူ)
၁၀:၀၅	အနုပညာရုပ်ဝန်းမှရင်ခုန်သံများ (အဖြူရောင်ရဲတိုက် ရုပ်ရှင် ကန်တော့ပွဲအခမ်းအနား)
၁၀:၃၀	ဗီဒီယိုပြခန်း
၁၀:၅၅	ဈေးဝယ်လမ်းညွှန် (နှုရည်ပွင့် Fashion & Dress Making)
၁၁:၁၅	ရန်ကုန်မြင်ကွင်းကျယ် (MHR ကမ္ဘာ့အမှတ်အများဆုံး ကျောင်းသား ကျောင်းသူများ ဂုဏ်ပြုပွဲ)
၁၁:၃၅	အဆိပ်အတောက်ကင်းစင် မြန်ပြည် တစ်ခွင် ဓာတုလျှော့ချသုံးစွဲကြ... (စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦး)
၁၂:၀၀	ခုနစ်နှစ်ပြည့် MRTV-4 ကုသိုလ် အလှူ
၁၂:၃၀	အရေပြားနှင့် ယှဉ်သော လေးဖက်နာ (ပါမောက္ခဒေါက်တာချစ်စိုး)
၁:၀၀	**ပဋိသမ္ဘိဒါဉာဏ်ကို လေ့လာသုံးသပ်ခြင်း** တရားတော် (အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ နန္ဒမာလာဘိဝံသ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	စကားနပန်း **စကားနပန်းပြိုင်တာ ကောင်းတယ် စကားနပန်းမပြိုင်တာကောင်းတယ်**
၃:၃၀	ကျန်းမာလှပသွယ်လျဖို့ SMART GIRL ကိုသွားကြစို့
၄:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၀၄)
၄:၅၅	Europen American အစားအစာများနှင့် Caf'e Delight
၅:၀၀	FMF Selection
၅:၃၅	ဂဏန်းသင်္ချာပျော်စရာ
၆:၀၀	MRTV-4 သတင်း
၆:၂၀	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၄၇)
၇:၃၅	သွားမယ်စားမယ် (Chan Lond)
၈:၀၀	MRTV-4 သတင်း
၈:၃၀	Kid's Show
၉:၀၀	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၃၉)
၉:၁၅	သက်ရှည်နုပျို ကျန်းမာရွှင်လန်း Royal ABG အစွမ်း
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၀၅)
၁၀:၂၀	ပရိမီယာလိဂ်ရင်ခုန်သံ
၁၀:၄၅	**အမွှန်မြတ်ဆုံးလက်ဆောင်** နေရဲလင်း၊ နှင်းဥ၊ မေနံ့သာခင်၊ စောနိုင် (ရှမ်းပြည်)၊ ဒေါ်တင်တင်လှ ဒါရိုက်တာ-မောင်မောင်မြင့်
၁၁:၀၅	**အများမြင်စရာနှစ်ပါးသဘင်မဟာ** (ရွှေမန်းသဘင်အဖွဲ့ တင်မောင် ဆန်းမင်းဝင်း) (အပိုင်း-၂)
၁၁:၄၅	ဟူးကောင်းချိုင့်ဝှမ်းမှ ကျားသုတေသနပြုလုပ်ငန်း
၁၂:၀၅	Movie Mistakes (Troy)
၁၂:၂၅	တောင်တန်းပေါ်ကစိန်တစ်လုံး
၁၂:၃၅	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာခက်ပွင့်လှိုင်နှင့် တွေ့ဆုံခြင်း)
၁၂:၅၅	ငြိမ့်ညောင်းသာယာစောင်းပညာ (တယောဦးတင်ရီ)
၁:၁၅	အသည်းကင်ဆာရောဂါ အကြောင်း သိကောင်းစရာ
၁:၄၀	ဆင်လိမ္မာတို့နားခိုရာ မြိုင်ဟေဝန်စခန်းမှာ
၂:၀၅	ကိုယ်ပိုင်ဟန်ဖက်ရှင် (ပန်းခရမ်းပြာလန်းဖြာဖြာ)
၂:၂၀	Shooting Location (မျက်ခြယ်ခြိ)
၂:၄၅	မြန်မာ့ရွှေချည်ထိုးပညာ
၃:၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၀	ချည်ခင်ကိုမယ်ရှင်းလို့ ရက်ကာ အမြဲဝတ်မယ်ထာဝစဉ်...
၄:၂၀	မြင်သုံးမြင်မှုထူးခြား ရှေးဟောင်းလက်ရာပစ္စည်းများ
၄:၂၅	စိတ်ချယုံကြည် Global Wave Technology
၄:၄၀	ကြည်ညိုဖူးမြော် ပုဂံဘုရားစေတီတော်
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး မူးယစ်ဆေးဝါးကို အရှိန်အဟုန်မြှင့် တိုက်ဖျက်

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးအထိမ်းအမှတ်နေ့အတွက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုထံမှ ပေးပို့သည့် သဝဏ်လွှာ-

(၂၀၁၁ ခုနှစ် ဇွန်လ ၂၆ ရက်)

ယနေ့သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဖြစ်သည်နှင့်အညီ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးအထိမ်းအမှတ် အခမ်းအနားများ ကျင်းပနေကြမည်ဖြစ်သကဲ့သို့ ကျွန်ုပ်တို့မြန်မာနိုင်ငံတစ်ဝန်း၌လည်း မူးယစ်ဆေးဝါး ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ အခမ်းအနားနှင့် လှုပ်ရှားမှုများကို ဒေသဆိုင်ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကျင်းပနေမည်ဟု ယုံကြည်ပါသည်။ ထို့အပြင် တစ်နိုင်ငံလုံးမှ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အပါအဝင် ဓာတုဗေဒပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအား မြစ်ကြီးနား၊ ကျိုင်းတုံ၊ တောင်ကြီးနှင့်လားရှိုးမြို့များတွင် မီးရှို့ဖျက်ဆီးပွဲများ ကျင်းပနေမည် ဖြစ်ပါသည်။

တားဆီးနှိမ်နင်း

မူးယစ်ဆေးဝါးသည် တိုက်ရိုက်သုံးစွဲသူနှင့် ဆက်စပ်နီးနွယ်သည့် လူမှုပတ်ဝန်းကျင်ကို ထိခိုက်စေပြီး စီးပွားရေး၊ လူမှုရေးများ ဆုံးရှုံးနစ်နာစေသည်သာမက ဂုဏ်သိက္ခာပါ ညှိုးနွမ်းပျက်သုဉ်းစေပါသည်။ အဆိုပါ မူးယစ်ဆေးဝါးများကို တရားမဝင် ရောင်းဝယ်ဖောက်ကားနေသူများမှာလည်း မိမိကိုယ်ကျိုးစီးပွားတစ်ခုတည်းကိုသာ ဦးတည်၍ နိုင်ငံအတွင်း သယ်ဆောင်ဖြန့်ဖြူးမှုများသာမက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် နိုင်ငံတကာ ဈေးကွက်များသို့ပါ တင်ပို့ရောင်းချလျက်ရှိသဖြင့် ထိရောက်သော တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

အထူးသဖြင့် လူငယ်ထုအတွင်း မူးယစ်ဆေးဝါးများက အသွင်သဏ္ဌာန် အမျိုးမျိုးဖြင့် ရောက်ရှိသုံးစွဲနေကြရာ မျိုးဆက်သစ်များအတွက် အလွန်အန္တရာယ်ကြီးမားလှပါသည်။ မူးယစ်ဆေးဝါးသည် တိုက်ရိုက်သုံးစွဲသူ၊ ထုတ်လုပ်သူနှင့် ဖြန့်ချိရောင်းဝယ်သူတို့အကြား ကြီးမားသော ပြဿနာတစ်ရပ် ဖြစ်ပေါ်ဆက်စပ်လျက်ရှိပါသည်။

အင်တိုက်အားတိုက်

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများကို ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုဖြင့် လုပ်ဆောင်လျက်ရှိပါသည်။ မူးယစ်ဆေးဝါး ပပျောက်ရေး(၁၅)နှစ်စီမံကိန်းကို ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ကာလ သတ်မှတ်ပြီး ဆောင်ရွက်ခဲ့ရာ ယခုနှစ်မှာ တတိယ(၅)နှစ် စီမံကိန်း၏ ဒုတိယနှစ်ဖြစ်ပြီး အင်တိုက်အားတိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။

နိုင်ငံတော်အစိုးရနှင့်အတူ ဒေသခံပြည်သူများ၏ ပူးပေါင်းကူညီမှုဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ ခရီးရောက်အောင်မြင်မှု ရရှိနေပါသည်။ ဘိန်းစိုက်ပျိုးလျက်ရှိသော ဒေသများအတွင်း ဘိန်းခင်းများ ဖျက်ဆီးခြင်း၊ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများ တားဆီးနှိမ်နင်းခြင်းတို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၀ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း၌ ဘိန်း၊ ဘိန်းဖြူ၊ ဘိန်းဆီ၊ အဆင့်နိမ့်ဘိန်း၊ ဆေးခြောက်၊ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဓာတုဗေဒပစ္စည်း မျိုးစုံတို့အား ဖမ်းဆီးရမိခဲ့ရာ အမှုပေါင်း ၂၆၃၀ မှုမှ ပြစ်မှုကျူးလွန်သူ တရားခံ ၃၄၆၅ ဦးတို့အား ဥပဒေအရ အရေးယူနိုင်ခဲ့ပါသည်။

ပြန်လည်ထူထောင်

တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ၂၀၁၀ ခုနှစ် တစ်နှစ်လုံး ဆေးဝါးကုသရန် မှတ်ပုံတင်ထားရှိသူ ဦးရေပေါင်း ၁၄၂၇ ဦးရှိခဲ့ပါသည်။ ဆေးစွဲလူငယ်ပေါင်း ၁၂၈ ဦးအား မူးယစ်ဗဟိုအဖွဲ့၏ ကြီးကြပ်မှုအောက်ရှိ လူငယ်ပြုစုပျိုးထောင်ရေးဌာနများမှ ဆေးဖြတ်ကုသခြင်းအပါအဝင် ဘက်စုံပြုပြင် ပြန်လည်ထူထောင်ပေးနိုင်ခဲ့ပါသည်။

ဤနှစ်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးအထိမ်းအမှတ်နေ့ ဦးတည်ချက်ဆောင်ပုဒ်မှာ **"ကျန်းမာပျော်ရွှင်နေနိုင်ဖို့၊ မူးယစ်ဆေးဆိုရှောင်ကြစို့"** "THINK HEALTH, not drugs" ဟူ၍ ဖြစ်ပါသည်။ အဆိုပါဆောင်ပုဒ်၏ ရည်ရွယ်ချက်မှာ "မူးယစ်ဆေးဝါးသည် လူထုတစ်ရပ်လုံး၏ ကျန်းမာရေး၊ ပညာရေး၊ လူနေမှု ဘဝတိုးတက်ရေးနှင့် အသိဉာဏ်ဗဟုသုတတို့ကို ပျက်စီးစေရုံမျှမက ဆင်းရဲမှု အပေါင်းကိုဖြစ်စေ၍ လူထုအင်အားဖြင့် ရှောင်ရှားတိုက်ဖျက်ကြရန်"ဟု ဖော်ညွှန်းပါသည်။

ဖန်တီးဖော်ဆောင်

ကမ္ဘာတစ်ဝန်း၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ကြိုးပမ်းနေကြသည့်တိုင် မူးယစ်ဆေးဝါးအမျိုးမျိုးနှင့် စိတ်ကြွရူးသွပ်ဆေးပြားများသည် လူသားများကို အန္တရာယ်ပြု ခြိမ်းခြောက်နေဆဲဖြစ်ပါသည်။ နိုင်ငံတော်နှင့်အတူ ပြည်သူတစ်ရပ်လုံးက ကောင်းကျိုးမပေးသည့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင် ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် မူးယစ်ဆေးဝါးကင်းစင်သော လူမှုပတ်ဝန်းကျင်ကို ဖန်တီးဖော်ဆောင်ကြရမည်ဖြစ်ပေသည်။

သို့ဖြစ်၍ နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်ဖြစ်သည့် **"တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး"** တွင် အဟန့်အတားဖြစ်သည့် မူးယစ်ဆေးဝါးကို အရှိန်အဟုန်မြှင့် ဆက်လက်ကြိုးပမ်းတိုက်ဖျက်သွားကြစေလိုကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့မှ ဝန်ထမ်းသားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၂၅

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပသည့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားပြီး ပညာရည်ချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်၊ နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း အမှုထမ်းများ၊ ကျောင်းသားမိဘများ၊ ဝန်ထမ်းသား သမီး ဆုရကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုသူ ကျောင်းသား ကျောင်းသူပေါင်း ၄၆၉၈၅၂ ဦးရှိပြီး အောင်မြင်သူ ၁၆၅၀၀၇ ဦးဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် အောင်ချက်ရာခိုင်နှုန်းကြည့်လျှင် မွန်ပြည်နယ်က ၄၃ ဒသမ ၃၃ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး ချင်းပြည်နယ်က ၁၃ ဒသမ ၆၇ ရာခိုင်နှုန်းဖြင့် အနည်းဆုံးဖြစ်ကြောင်း၊ တစ်ပြည်လုံး၏ ပျမ်းမျှ အောင်မြင်မှုသည် ၃၅ ဒသမ ၁၂ ရာခိုင်နှုန်းဖြစ်ကြောင်း။

ဂုဏ်ထူးရှင်များမှာ တစ်နိုင်ငံလုံးအနေဖြင့် တစ်ဘာသာ ဂုဏ်ထူးရှင် ၁၆၃၆၃ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၄၅၁၅ ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ၂၉၆၆ ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၃၀၃၂ ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် ၁၃၃၈ဦး၊ ခြောက်ဘာသာ ဂုဏ်ထူးရှင် ၃၉၈ ဦးဖြစ်ကြောင်း။

ဘာသာရပ်အလိုက် ဂုဏ်ထူးရှင်များမှာ မြန်မာစာ ၂၁၃၀၊ အင်္ဂလိပ်စာ ၁၉၅၆ ဦး၊ သင်္ချာ ၁၁၃၄၁ ဦး၊ ဓာတုဗေဒ ၈၅၁၇ ဦး၊ ရူပဗေဒ ၉၄၀၇ ဦး၊ ဇီဝဗေဒ ၁၁၈၇၇ ဦး၊ ပထဝီ ၈၅၈ ဦး၊ သမိုင်း ၄၆၈ ဦးနှင့် ဘောဂဗေဒ ၈၉၄၃ ဦး ဖြစ်ကြောင်း။

ပညာရည်ချွန် ဆုရသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံ့သားကောင်း၊ သမီးကောင်းများအဖြစ်ဖြင့် မိသားစုအကျိုး၊ နိုင်ငံ့အကျိုး၊ လူသားအကျိုးများ ဆက်လက်သယ်ပိုးနိုင်သော သားကောင်း၊ သမီးကောင်း၊ နိုင်ငံ့သားကောင်း ရတနာများအဖြစ် ဆက်လက်ကြိုးစားသွားကြပါ၊ အခြားကျောင်းသား ကျောင်းသူများအား စံနမူနာကောင်းများပြကြပါ၊ မိဘများကလည်း ဝန်ထမ်းကောင်းပီသစွာဖြင့် တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရင်း ယခုကဲ့သို့ ပညာရည်ချွန်သည့် သားသမီးများဖြစ်အောင် အားပေးခြင်း၊ ကြပ်မတ်ခြင်း၊ ပံ့ပိုးခြင်းများ ဆောင်ရွက်ကြပါဟု မှာကြားသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်တို့က ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ လေးဦး၊ နှစ်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူတစ်ဦးနှင့် လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူတစ်ဦးတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ သုံးဦးတို့အား ပညာရည်ချွန် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ဆုရကျောင်းသား ကျောင်းသူများ ကိုယ်စား ငါးဘာသာ ဂုဏ်ထူးရှင် ကျောင်းသားတစ်ဦးက ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားခဲ့သည်။

(သတင်းစဉ်)

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးတို့မှ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လမ်းငါးသွယ်အဝိုင်းအနီး မြေယာရှင်းအလှ ဆောင်ရွက်ထားရှိမှုအခြေအနေကို မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမင်းအေးလွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်ထွန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးမြတ်သူတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မိုးရာသီသုံးပစ္စည်းများ ဈေးရောင်းပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၅

CAPITAL Hypermarket ရန်ကုန်နှင့် CAPITAL Hypermarket နေပြည်တော်တို့တွင် ဇူလိုင် ၁ ရက်မှ ၁၀ ရက် အထိ Wet Seasons! Hot Price! အမည်ဖြင့် အထူးဈေးရောင်းပွဲကို ကျင်းပမည်ဖြစ်ရာ မိုးရာသီနှင့် ကိုက်ညီသည့် အဝတ်လျှော်စက်၊ မီးပူ၊ အဝတ်အခြောက်ခံစက်၊ အဝတ်လှန်းစင်၊ မီးပူတိုက်စင်၊ ရေပူရေအေးစက်၊ ဖုန်စုပ်စက်၊ ရေခဲသေတ္တာ၊ Electric kettle, Jar Pot, သန့်ရှင်းရေးသုံးပစ္စည်းများ၊ အိမ်သုံးပစ္စည်းအမျိုးမျိုး ဆပ်ပြာမှုန့်၊ ဆပ်ပြာအဆီ၊ အဝတ်လျှော်ဆပ်ပြာအရည်၊ ဆပ်ပြာ Cream မျိုးစုံတို့ကို အထူးဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး Panasonic, Hitachi, Toshiba, Elba, Sharp, Electrolux, Monarch, Three Friend, Cash 'n' Carry, Natray, Flower Home, Good Maid, Elan, Rainbow, Fuji, Daily, MA Star စသည့် Brands မျိုးစုံ ပါဝင်ရောင်းချမည်ဖြစ်ကာ ဈေးဝယ်သူများအတွက် အထူးအစီအစဉ်အနေဖြင့် ၄င်းပွဲတွင် ကျပ် ၅၀၀၀၀ ဖိုးနှင့်အထက် ဝယ်ယူသူတိုင်းအတွက် ကံစမ်းမဲ အစီအစဉ်ထည့်သွင်းပေးထားကြောင်းနှင့် LCD-TV ၊ အဝတ်လျှော်စက်၊ ရေခဲသေတ္တာ၊ လျှပ်စစ်မီးဖိုစသည့် ဆုမဲပေါင်းများစွာကို CAPITAL Hypermarket ရန်ကုန်နှင့် CAPITAL Hypermarket နေပြည်တော်တို့တွင် ကံစမ်းမဲဖောက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

ဗီယက်နမ်မြောက်ပိုင်းဒေသများ မုန်တိုင်းတိုက်ခတ် ရှစ်ဦးသေဆုံး၊ ၈၁ဦး ဒဏ်ရာရရှိ

မိုးမြင့်လင်းလက်-စုစည်းသည်

ဟန္နိုင်း ဇွန် ၂၅

ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ကွမ်နန်ပြည်နယ် ဟိုင်ဖုန်မြို့ကမ်းခြေဒေသများနှင့် ယင်းပြည်နယ် နေရာအစိတ်အပိုင်းအများအပြားတွင် ဇွန် ၂၄ ရက်က အပူပိုင်းမုန်တိုင်းတိုက်ခတ်သဖြင့် ရှစ်ဦးသေဆုံးကာ ၈၁ ဦးဒဏ်ရာရရှိခဲ့ကြောင်း ဗီယက်နမ်မီဒီယာများက ဇွန် ၂၅ ရက်၌ ဖော်ပြသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် ဗီယက်နမ်နိုင်ငံ အရှေ့မြောက်ပိုင်းနှင့် မြောက်အလယ်ပိုင်းဒေသများတွင် မိုးသည်းထန်ပြီး ရေလွှမ်းမှုများဖြစ်ပွားခဲ့ကြောင်း၊ ဟန္နိုင်းမြို့တွင် မိုးရေချိန် ၁၀၃ မီလီမီတာအထိ ရွာသွန်းခဲ့ကြောင်း ဗီယက်နမ်သတင်းဌာနက ဖော်ပြသည်။

တိုက်တွန်းထား

မုန်တိုင်းအရှိန်ကြောင့် မိုးကြိုးပစ်ချခြင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းများဖြစ်ပွားရာ စားနပ်ရိက္ခာများ ပျက်စီးမှုမဖြစ်စေရန် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြရေး ဒေသအာဏာပိုင်များက သတိပေးထားသည်။ ထို့အတူ မိုးသည်းထန်မှုကြောင့် မြို့ကြီးများ ရေလွှမ်းမှုဘေးမှ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြရန်လည်း ဗီယက်နမ်အရာရှိများက တိုက်တွန်းထားသည်။ **(အင်တာနက်)**



၂၀၁၁ အမ်ဒီအမည်ရှိ ဂြိုဟ်အပိုင်းအစတစ်ခု ကမ္ဘာဂြိုဟ်အနီးမှ ဖြတ်မည်

လော့စ်အိန်ဂျလိစ် ဇွန် ၂၅

၂၀၁၁အမ်ဒီ (ဝဲပုံ)ဟု အမည်ပေးထားသော ဂြိုဟ်အပိုင်းအစတစ်ခု ကမ္ဘာဂြိုဟ်အနီးမှနေ၍ ဇွန် ၂၇ရက်၌ ဖြတ်သန်းမည်ဖြစ်ကြောင်း၊ သို့သော် ကမ္ဘာဂြိုဟ်အား တစ်စုံတစ်ရာအန္တရာယ်ပေးထိခိုက်နိုင်မည့် အနေအထားမရှိကြောင်း နာဆာသုတေသနပညာရှင်များက ဇွန် ၂၅ ရက်၌ ပြောကြားသည်။ ယင်းဂြိုဟ်အပိုင်းအစသည် အချင်းမီတာ ၂၀ခန့်ရှိပြီး ကမ္ဘာဂြိုဟ်မျက်နှာပြင်၏ မိုင် ၇၅၀၀ အကွာမှ ဖြတ်သန်းမည်ဖြစ်သည်။ ဖြတ်သန်းမည့်အချိန်မှာ ဇွန် ၂၇ ရက် နံနက်ပိုင်းတွင် ဖြစ်သည်။

၂၀၁၁အမ်ဒီအမည်ရှိ ဂြိုဟ်အပိုင်းအစသည် ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်သန်းသည့်အခါ အတ္တလန္တိတ်သမုဒ္ဒရာတောင်ပိုင်းဝေဟင်ပေါ်မှ ဖြတ်သန်းမည်ဖြစ်ကြောင်း နာဆာသုတေသနပညာရှင်များက ပြောကြားသည်။ အဆိုပါ ၂၀၁၁အမ်ဒီဂြိုဟ်အပိုင်းအစ ကမ္ဘာဂြိုဟ်အနီးဖြတ်သန်းသည့်အခါ သာမန်အာကာသအဝေးကြည့်မှန်ပြောင်းဖြင့် ကြည့်ရှုမြင်တွေ့နိုင်မည်ဖြစ်ကြောင်း နာဆာက ထုတ်ပြန်သည်။ **(အင်တာနက်)**

အာဖဂန်ဈေးတစ်ဈေးအတွင်း ဗုံးပေါက်ကွဲ၊ ၁၀ ဦးသေဆုံး

ကဘူးလ် ဇွန် ၂၅

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း လူစည်ကားရာဈေးအတွင်း ဇွန် ၂၅ ရက် နံနက်က စက်ဘီးဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ၁၀ ဦးသေဆုံးပြီး ၂၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်အရာရှိများက ဇွန် ၂၅ ရက်၌ ပြောကြားသည်။ အခင်းဖြစ်ပွားမှုမှာ ခန်ဒူဇ်ပြည်နယ် ခန်အဘတ်ခရိုင်အတွင်းရှိ ဈေးအတွင်း ရေခဲမုန့်ရောင်းချသည့်ဆိုင်အနီး စက်ဘီးတစ်စီး၌ ချည်နှောင်ထားသည့် ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)**

စုံစမ်းစစ်ဆေး

အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးအပါအဝင် ၁၀ ဦး သေဆုံးပြီး အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ငါးဦးနှင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးတို့ ဒဏ်ရာရရှိခဲ့သည်။ ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်ပြီး ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။ သို့သော် ၄င်းဗုံးပေါက်ကွဲမှုသည် တာလီဘန်တို့ လက်ချက်ဖြစ်နိုင်ကြောင်း ရဲတပ်ဖွဲ့က ယုံကြည်လျက်ရှိသည်။

(အင်တာနက်)

ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းပေါ်ရှိ အောက်နတ်ချောင်းတံတားဖွင့်ပွဲ ကျင်းပ

ဒေသခံပြည်သူများ အချိန်မရွေး ကုန်းလမ်းဖြင့် သွားလာနိုင်ပြီ

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်တို့ အောက်နတ်ချောင်းတံတားပေါ်မှ ဖြတ်သန်း ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၂၅

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း တံတား အထူးအဖွဲ့(၃)က တာဝန်ယူ တည်ဆောက်ခဲ့သော ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ဘိုကလေး- စက်ဆန်း-ထော်ပိုင်- အမာလမ်းပေါ်ရှိ အောက်နတ်ချောင်း တံတားဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၅ ရက် နံနက် ၈ နာရီတွင် အဆိုပါ တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပ သည်။

ခရီးမိုင်တိုတောင်း

ရှေးဦးစွာ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က တံတားတည်ဆောက် ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ဤတံတား ကြီးအပါအဝင် ဤလမ်းပေါ်၌ စုစုပေါင်း တံတား ၁၆ စင်းရှိပြီး တည်ဆောက်ဆဲတံတား ငါးစင်းရှိ ကြောင်း၊ တံတားများအားလုံး ပြီးစီး ပါက ဘိုကလေးမှ အမာသို့ တောက်လျှောက်သွားလာနိုင်တော့မည် ဖြစ်ကြောင်း၊ ယခင်က ဘိုကလေး မှ အမာသို့ သွားမည်ဆိုလျှင် ဖျာပုံ- ကျုံကဒွန်း- ဒေါင်ကြီမ်း- အမာလမ်းမှ တစ်ဆင့် သွားရပြီး ယခု ဤလမ်း ကသွားလျှင် ခရီးမိုင် ၃၂ မိုင် ၅ ဖာလုံ တိုတောင်းသွားမည်ဖြစ် ကြောင်း။

ဤတံတားကြီး မတည်ဆောက် ခင်က အောက်နတ်ချောင်းကို ဖြတ်ကူး နိုင်ရေးအတွက် ပင်လယ်ဒီရေ တက်ချိန်၊ ကျချိန်ကို စောင့်ဆိုင်း သွားလာနေရ သည့်အတွက် အချိန်ကြန့်ကြာပြီး အန္တရာယ်ရှိကာ အချိန်မရွေး အသုံး ပြု၍ မရခဲ့ကြောင်း၊ ယခုဆိုလျှင် ဘိုကလေး- စက်ဆန်း-ထော်ပိုင်- အမာလမ်းပေါ်၌ အောက်နတ် ချောင်းတံတား တည်ဆောက်ပြီးစီးခဲ့ပြီ ဖြစ်သဖြင့် ဤလမ်းတစ်လျှောက် နေထိုင် သွားလာနေကြသည့် ဒေသခံ ပြည်သူများသည် ယခင်ကကဲ့သို့ ရေလမ်းကိုအသုံးပြုရန် မလိုတော့ဘဲ အချိန်မရွေး ကုန်းလမ်းဖြင့် သွားလာ နိုင်ပြီး သဘာဝဘေးအန္တရာယ်ကျ ရောက်ပါကလည်း အချိန်တိုအတွင်း ဘေးကင်းရာသို့ ဤတံတားကြီးကို အသုံးပြုပြီး ရွှေ့ပြောင်းနိုင်တော့ မည်ဖြစ်ကြောင်း၊ တည်ဆောက်ပြီး လမ်းကွန်ရက် တစ်ခုနှင့်တစ်ခု ချိတ်ဆက်၍လည်း မိမိလိုရာခရီးကို လွယ်ကူချောမွေ့စွာ ဆက်သွယ် သွားလာနိုင်ပြီ ဖြစ်သည့်အတွက် တိုင်းရင်းသားပြည်သူများ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အခြေအနေများလည်း တိုးတက် ကောင်းမွန်လာမည်ဖြစ်ကြောင်း။

တိုးတက်ဆောင်ရွက်

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်းတံတားလုပ်ငန်းများကို ဖိဖိစီးစီး အားထုတ် တည်ဆောက်လျက်ရှိရာ တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီး၌ ၁၉၈၈ ခုနှစ် မတိုင်မီ ကထက် ကတ္တရာလမ်း၊ ကျောက်လမ်း အမာခံလမ်းနှင့် မြေလမ်း စုစုပေါင်း ၉၈၄၃ မိုင် ၆ ဖာလုံ တိုးတက် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် ၁၉၈၈ ခုနှစ်မတိုင်မီက ကတ္တရာ လမ်း၊ ကျောက်လမ်း၊ အမာခံလမ်းနှင့် မြေလမ်း စုစုပေါင်း လမ်းအရှည်မိုင် ၄၄၀ ရှိခဲ့ရာမှ ယခုစုစုပေါင်း ၁၅၇၅/၇ မိုင်ရှိနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် ဧရာဝတီတိုင်းဒေသကြီး၌ ခရိုင် ခြောက်ခရိုင်၊ မြို့နယ် ၂၆ မြို့နယ်ရှိသည့်အနက် မြို့နယ် ၂၅ မြို့နယ်တို့သည် လမ်းကွန်ရက်ပမာ သွားလာနိုင်ပြီး ဖောက်လုပ်ဆဲဖြစ် သော ပုသိမ်-ငပုတော လမ်း ၂၀ မိုင် ပြီးသွားလျှင် မကြာမီ ဧရာဝတီတိုင်း ဒေသကြီးတစ်ခုလုံး၏ မြို့နယ်ချင်းဆက် လမ်းအားလုံး ကုန်းလမ်းခရီးဖြင့် ဆက်သွယ် သွားလာနိုင်တော့မည် ဖြစ်ကြောင်း။

ထိန်းသိမ်း

နိဂုံးချုပ်အနေဖြင့် ပြောကြားလို သည်မှာ နိုင်ငံတော်က ဧရာဝတီတိုင်း ဒေသကြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် အလေးထားတည်ဆောက် ပေးခဲ့သည့် လမ်းတံတားများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်း ပေးကြပါဟု ပြောကြားသွားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က ပြောကြား ရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်အစိုးရ လက်ထက်က မပြီးပြတ်ခဲ့သည့် မော်တော်ကားလမ်း များ၊ မြစ်ကူးတံတားကြီးများ၊ မီး ရထားလမ်းများ၊ လေယာဉ်ကွင်းများ၊ ရေအားလျှပ်စစ်စီမံကိန်းများကို နှစ်နှစ်၊ သုံးနှစ်အတွင်း အမြန်ပြီးပြတ်အောင် အရှိန်အဟုန်ဖြင့် ဆက်ပြီး ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ပြောကြား သည်။

အောက်နတ်ချောင်းတံတားအမျိုး အစားမှာ သံကူကွန်ကရစ် လွန်တူး ဘိုးပိုင် အုတ်မြစ်အမျိုးအစားဖြစ်ပြီး အောက်ထည်ကို သံကူကွန်ကရစ်၊ အပေါ်ထည်ကို နှစ်လွှာတစ်ထပ် ဘေလီသံပေါင်နှင့် သစ်သားကြမ်းခင်း တို့ဖြင့် တည်ဆောက်ထားပြီး တံတား အရှည် ၄၆၆ ပေ၊ ယာဉ်သွားလမ်း အကျယ် ၁၃ ပေခွဲရှိကာ ယာဉ်တစ်စီး ချင်း ခွင့်ပြုအလေးချိန်မှာ (ယာဉ်+ ကုန်) ၁၃ တန် ဖြစ်သည်။

ယခုဖွင့်လှစ်သည့် အောက်နတ် ချောင်းတံတားမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရလက်ထက် တွင် ဆောင်ရွက်ပြီးစီးသဖြင့် တံတား အမှတ်စဉ်(၃)အဖြစ် ဖွင့်လှစ်လိုက် သော တံတားဖြစ်ပြီး ဤတံတားကြီး ဖွင့်လှစ်ပေးလိုက်သည့်အတွက် ဧရာဝတီ တိုင်းဒေသကြီးမှ ထွက်ရှိသော ရေထွက်ပစ္စည်းနှင့် ဆန်စပါးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး သို့ မြန်မာပြည် အရှေ့မှအနောက်၊ တောင်မှမြောက်သို့ လမ်းကွန်ရက် သဖွယ် ဆက်သွယ်ဖောက်လုပ်ထား သည့် လမ်းများမှ တစ်ဆင့် နိုင်ငံ တစ်ဝန်းလုံးသို့ ပိုမိုမြန်ဆန်စွာ သယ်ယူ ပို့ဆောင်နိုင်တော့မည် ဖြစ်သကဲ့သို့ ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများ၌ လည်းအဘက်ဘက်က ဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့

ဇူလိုင်လ (၃) ရက်

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြတ်နိုးဖွယ်ရာ မေမြန်မာ ဆင်ယင်ခြယ်သ သုံးရာသီအလှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၅

၂၀၁၁ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများ နေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က ကြီးမှူး ၍ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီး ရေးရာအဖွဲ့က စီစဉ်တင်ဆက်သော "မြတ်နိုးဖွယ်ရာ မေမြန်မာ ဆင်ယင် ခြယ်သသုံးရာသီအလှ" ဝတ်စား ဆင်ယင် ထုံးဖွဲ့မှု ပြပွဲကို ဇွန် ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးများ၊ ဗဟို အလုပ်အမှုဆောင်များ၊ ရန်ကုန် တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်း ဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြ သည်။

ဖျော်ဖြေတင်ဆက်

အဆိုပါ ပြပွဲတွင် ရုပ်ရှင်၊ သဘင်နှင့် ဂီတအနုပညာရှင်များ၊ Talent & Models Agency မှ မော်ဒယ်များနှင့် ကာယအလှမယ် များက သုံးရာသီ Fashion Show နှင့် ဆံကေသာအလှပြသခြင်း၊ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ သမီးပျိုများ၏ ပုဂံယိမ်းအက၊ ကောက်စိုက်ယိမ်းနှင့် ဆီမီးခွက်အက၊ တေးသံရှင် မေဖြူဖြူက "စေတနာ ဉယျာဉ်" သီချင်းသီဆို၍ ယဉ်ကျေးမှု ဝန်ကြီးဌာန သမီးပျိုများက ပုသိမ်ထီး အကဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ အထက(၂) စမ်းချောင်းမှ ကျောင်းသူ လေးများ၏ လက်ပံပွင့်ကောက်ယိမ်း အက၊ သုံးရာသီအလှ တစ်ခန်းရပ် ပြဇာတ်၊ Five Stars အဖွဲ့က ဟာသ ဖျော်ဖြေခြင်းများဖြင့် ဖျော်ဖြေတင်ဆက် ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက များဖြစ်ကြသော ဒေါ်နီနီဝင်း၊ ဒေါ်ခင်မိမိ၊ ဒေါ်မြသီဂီနှင့် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်သက်သက်ဇင်တို့က ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်သိန်း ၁၀၀ ကို ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေး ထံ ပေးအပ်သည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများဖြစ်ကြသော ဒေါ်နီနီဝင်း၊ ဒေါ်ခင်မိမိ၊ ဒေါ်မြသီဂီနှင့် ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်တို့ထံ ဂါရဝပန်းခြင်းပေးအပ်စဉ်။ (သတင်းစဉ်)

ကမ္ဘာ့ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲ

မြန်မာအဖွဲ့တက်ရောက်ရန်ထွက်ခွာ

ရန်ကုန် ဇွန် ၂၅

မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ ဉာဏ်ရည်မမီသူများ အားကစားအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမြင့်သည် ဂရိနိုင်ငံ အေသင်မြို့၌ ကျင်းပမည့် (World Summer Game Special Olympics 2011 Athens) ဖွင့်ပွဲသို့ တက်ရောက်ရန်နှင့် မြန်မာဉာဏ်ရည် မမီ အားကစားအဖွဲ့ခေါင်းဆောင် တာဝန်ယူရန် ဇွန် ၂၄ ရက် ည ၇ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ အေသင်မြို့သို့ ထွက်ခွာ သွားသည်။ **(အောက်ဝဲပုံ)**

ယှဉ်ပြိုင်

ဒုတိယအဖွဲ့ခေါင်းဆောင် ဦးပီတာ နှင့် အားကစားအဖွဲ့ဝင် ၁၇ ဦးတို့ သည် ဇွန် ၁၉ ရက်တွင် ကြိုတင် ထွက်ခွာသွားပြီး ဇွန် ၂၅ ရက်မှ ဇူလိုင် ၄ ရက်အထိ ဂရိနိုင်ငံ အေသင်မြို့၌ ပြိုင်ပွဲများ ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥတုရာသီ တောကိုမှီ၏

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲ ကျန်းမာရေးဝန်ကြီးဌာန၌ ကျင်းပ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ကျန်းမာရေးဝန်ကြီးဌာန ၂၀၁၁ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် စိန်တစ်လုံးသရက်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၅

ကျန်းမာရေး ဝန်ကြီးဌာန ၂၀၁၁ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၇ နာရီခွဲတွင် နေပြည်တော်ရှိ ရုံးအမှတ်(၄) အဆိုပါ ဝန်ကြီးဌာန ရုံးမျက်နှာစာနှင့် ရုံးပတ်ဝန်းကျင်တို့၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် တက်ရောက်၍ စိန်တစ်လုံး သရက်ပင်ကို စိုက်ပျိုးပေးပြီး ဝန်ထမ်းများ၏ စုပေါင်း သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

စိုက်ပျိုးပေး

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုံးခင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ အထိမ်းအမှတ် အပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များသည် ရုံးအမှတ်(၄၇) ကျန်းမာရေး ဝန်ကြီးဌာနရုံးသို့ သွားရောက်၍ မိုးရာသီသစ်ပင် စိုက်ပျိုးပွဲ အထိမ်းအမှတ် သစ်ပင်များကို စိုက်ပျိုးပေးကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ ကံ့ကော်၊ ခရေ၊ စိန်ပန်း၊ စွယ်တော်၊ မဟော်ဂနီ၊ မန်ကျည်း၊ ပိတောက်၊ စိန်တစ်လုံးသရက်၊ အရိပ်ရပင်၊ နှစ်ရှည်ပင်နှင့် သီးပင်စားပင် စုစုပေါင်း ၁၅၅၀ ကို စိုက်ပျိုးခဲ့ကြသည်။

ငါးမျိုးစိုက်ထည့်

ယင်းနောက် ငါးမျိုးစိုက်ထည့်ပွဲကို ကျန်းမာရေးဝန်ကြီးဌာန လျှိုပိတ်ဆည်အမှတ်(၁)၊ (၂)နှင့်(၃)တို့၌ ကျင်းပရာ ငါးမြစ်ချင်း၊ ငါးခုံးမကြီး၊ ငွေရောင်ငါးကြင်း၊ မြက်စားငါးကြင်း၊ တီလားပီးယားနှင့် ရွှေဝါငါးကြင်း ငါးသားပေါက်ကောင်ရေ စုစုပေါင်း ၁၁၀၀၀ကို မျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့တွင်း ရေပေးဝေနိုင်ရေး မင်းကင်းမြို့နယ်၌ ဆောင်ရွက်

မင်းကင်း ဇွန် ၂၅

မင်းကင်းမြို့နယ်အတွင်း ပုံမှန် ရေပေးဝေနိုင်ရေးအတွက်ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးဝင်းကျော်မျိုး ဇွန် ၁၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး အမှုဆောင်အရာရှိ ဦးကျော်ထင်မောင်မောင်က ရေပေးဝေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

မြန်မာ့အလင်း ပြည်တွင်း အားကစားသတင်း

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင်ဦးခင်မောင်အေး (၂၆)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက်ဘိုးလင်းအားကစားသမားများလေ့ကျင့်နေမှုနှင့် အားကစားပစ္စည်းများ စုဆောင်းထားရှိမှုတို့ကို ဇွန် ၂၀ ရက်က ရန်ကုန်မြို့ သုဝဏ္ဏအားကစားပြိုင်ဝင်းအတွင်းရှိ Right Track Bowling ခန်းမ၌ ကြည့်ရှုစစ်ဆေးစဉ်။ (မြန်မာ့အလင်း)

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အလေးမပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၅

မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၁ ခုနှစ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အလေးမပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၂၂ ရက် ညနေပိုင်းက ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ အမျိုးသား ပထမတန်းဆင့် ၅၆ကီလိုတန်းပြိုင်ပွဲတွင် မျိုးမြတ်အောင် (လယ်ယာနှင့် ဆည်မြောင်းဝန်ကြီးဌာန)က စံချိန် ၂၁၀ကီလိုဖြင့် ပထမရပြီး မင်းမင်း(လယ်ယာနှင့်ဆည်မြောင်းဝန်ကြီးဌာန)က စံချိန် ၂၀၀ကီလိုဖြင့် ဒုတိယရရှိကာ အမျိုးသား ပထမတန်းဆင့် ၆၂ကီလိုတန်းပြိုင်ပွဲတွင် စည်သူထွန်း (ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)က စံချိန် ၂၀၀ ကီလိုဖြင့် ပထမရရှိသည်။

အမျိုးသား ပထမတန်းဆင့် ၆၂ ကီလိုအထက်ပြိုင်ပွဲတွင် စုစုပေါင်း စံချိန် ၃၀၈ကီလိုဖြင့် ကျော်မိုးဝင်း (လယ်ယာနှင့် ဆည်မြောင်းဝန်ကြီးဌာန)က ပထမ၊ စုစုပေါင်းစံချိန် ၂၇၀ ကီလိုဖြင့် ကျော်ထွန်းအောင် [အမှတ်(၁)စက်မှုဝန်ကြီးဌာန]က ဒုတိယ၊ စုစုပေါင်းစံချိန် ၂၅၄ကီလိုဖြင့် စသန်းထိုက်ဝင်း(ကာကွယ်ရေးဝန်ကြီးဌာန(က) အသင်း)က တတိယရရှိသွားသည်။

ရရှိသွား

အမျိုးသမီးအကောင်းဆုံးအားကစားသမားဆုကို ပထမတန်းဆင့် ၅၃ကီလိုတန်းမှ အေးသန္တာလွင် [အမှတ်(၁) စက်မှုဝန်ကြီးဌာန]နှင့် အမျိုးသား အကောင်းဆုံး အားကစားသမားဆုကို ပထမတန်းဆင့် ၇၇ ကီလိုတန်းမှ ကျော်မိုးဝင်း(လယ်ယာနှင့်ဆည်မြောင်းဝန်ကြီးဌာန)တို့က ရရှိသွားသည်။

ထို့နောက် အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် လယ်ယာနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းက ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်နှစ်ခုဖြင့် တံခွန်စိုက်ဆုကို ဆွတ်ခူးသွားပြီး အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းက ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ်တစ်ခုဖြင့် တံခွန်စိုက်ဆု ရရှိသွားရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (ဝဲပုံ) **(မြန်မာ့အလင်း)**

အိုလံပစ်နေ့အထိမ်းအမှတ် ဂျူဒိုပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၅

၂၀၁၁ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ဂျူဒိုပြိုင်ပွဲကို ဇွန် ၂၃ ရက် နံနက် ၉ နာရီက မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် အမျိုးသားရေကူးကန်ဝင်း၌ ကျင်းပရာ ရှေးဦးစွာ အမျိုးသား ၅၅၊ ၆၀၊ ၇၃ ကီလိုတန်းနှင့်အလွတ်တန်းပြိုင်ပွဲများကို လည်းကောင်း၊ အမျိုးသမီး ၅၂၊ ၆၃ ကီလိုတန်းနှင့် အလွတ်တန်းပြိုင်ပွဲများကိုလည်းကောင်း ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် ဒုတိယဥက္ကဋ္ဌများက ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အမြို့မြို့ အနယ်နယ်တွင် ဆောင်ရွက်

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့ပေါ်ရှိရပ်ကွက်များ၊ ဈေး၊ ဆေးရုံနှင့် စာသင်ကျောင်းများတွင် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ဇွန် ၁၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမြင့်ဝေ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

နတ်တလင်းမြို့နယ် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းကို ဇွန် ၃ ရက်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရဲထွဋ်ဦး ဦးဆောင်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ စာသင်ကျောင်းများတွင် ဆောင်ရွက်ကြစဉ်။ (မြို့နယ်ပြန်/ဆက်)

အင်္ဂပူမြို့ အမှတ်(၃) ရပ်ကွက်အတွင်း မိုးရာသီကာလ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ၊ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဇွန် ၁၈ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန်၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဦးမျိုးဇော်လှ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်ကြီးမြို့ပေါ်ရပ်ကွက်များအတွင်း သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို ဇွန် ၁၀ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့်ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေး ဝန်ထမ်းများနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကွန်ကရစ်ရေထုတ်ပြွန်ပြုလုပ်

မင်းပြား ဇွန် ၂၅

မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာဒေါ်ခင်ခင်စိုး ဦးဆောင်သောအဖွဲ့ဝန်ထမ်းများသည် မင်းပြားမြို့နယ် ရာမောင်ခန်းမရှေ့ တံတားကွန်ကရစ်ရေထုတ်ပြွန် ပြုလုပ်ခြင်းကို အမှုဆောင်အရာရှိ ဦးသိန်းအောင် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ဓာတုဆေးများနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုအန္တရာယ် သတိပြုဖွယ်

အောင်ဆန်း(စိုက်ပျိုးရေး)

လူမှုဘဝဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဓာတုဆေးများ သုံးစွဲမှုသည်လည်း များပြားလာသည်။ ဓာတုဆေး (Chemicals) များ ထုတ်လုပ်မှုလည်း တိုးပွားလာသည်။ မှတ်တမ်းစာရင်းများအရ ဓာတုဆေးပစ္စည်းအမျိုးအစားသစ် ၁၀၀၀ ကျော် နှစ်စဉ်ထုတ်လုပ်လျက် ရှိသည်ကို တွေ့ရှိရသည်။ နိုင်ငံအသီးသီးမှ ထုတ်လုပ်သော ဓာတုဆေးပစ္စည်း စုစုပေါင်း ၁၃ သန်းကျော်ရှိကြောင်း သိရသည်။ အဆိုပါ ဓာတုဆေးပစ္စည်းများသည် ထုတ်လုပ်ရင်း၊ အသုံးပြုရင်း ပတ်ဝန်းကျင် ရေထု၊ လေထု၊ မြေထုအတွင်းသို့ ပျံ့နှံ့ရောက်ရှိကာ ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသည်။ လူနှင့် သက်ရှိသတ္တဝါတို့အတွက် အန္တရာယ်ပြု ခြိမ်းခြောက်လာသည်။

ဓာတုဆေးပစ္စည်းများတွင် ဆောက်လုပ်ရေးသုံး သုတ်ဆေးများ၊ စက်မှုသုံးဆေးများ၊ လူသုံးကုန်ပစ္စည်းများ၊ အိမ်သုံးဆေးများ၊ ကျန်းမာရေးသုံးဆေးများ၊ အပင်ကာကွယ်နှိမ်နင်းရေး ပိုးသတ်ဆေးများ၊ ပေါင်းသတ်ဆေးများ၊ ဟော်မုန်းဆေးများ စသည်တို့ ပါဝင်ပါသည်။

လူမှုဘဝဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စက်ရုံ၊ အလုပ်ရုံများလည်း အရှိန်အဟုန်ဖြင့် တိုးပွားလာသည်။ စက်ရုံများတိုးပွားလာသည်နှင့်အမျှ စက်ရုံများမှ စွန့်ပစ်သော စွန့်ပစ်ဓာတုပစ္စည်းများလည်း ပတ်ဝန်းကျင်တွင် ပျံ့နှံ့ကြီးထွားလာသည်။ စက်ရုံများမှစွန့်ပစ်သည့် ဓာတုပစ္စည်းများတွင် ပတ်ဝန်းကျင်ရေထု၊ လေထု၊ မြေထုကို ညစ်ညမ်းစေသည့်အပြင် အဆိပ်သင့်မှုပါဖြစ်ပွားစေသည်။ အထူးသဖြင့် စက်ရုံများမှစွန့်ပစ်သော ပြဒါးများ၊ ကက်ဒမီယမ်၊ ဆယ်လီနီယမ်၊ ကြေးနီ စသည်တို့သည် လူနှင့် သက်ရှိသတ္တဝါတို့၏ အသက်အန္တရာယ်ကိုပင် ရိုက်ခတ်လာသည်။ အဆိုပါ ဓာတုပစ္စည်းများ၏ အကျိုးဆက်ကြောင့် လူသတ္တဝါများ အာရုံကြောထိခိုက်ခြင်း၊ ကိုယ်လက်မလှုပ်ရှားနိုင်ခြင်း၊ မျက်စိအာရုံများကျဆင်းခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ သန္ဓေသားထိခိုက်ခြင်း၊ အသည်းနှင့် ကျောက်ကပ်များ ထိခိုက်ခြင်း၊ ကလေးများ ဉာဏ်ရည်မမီခြင်းများ ခံစားကြရပါသည်။

လူသုံးကုန်ပစ္စည်းများဖြစ်သည့် Spray ရေမွှေးများ၊ Body Spray များ၊ Hair Spray များသည် ဓာတ်ငွေ့ဖိအားသုံး၍ အသုံးပြုရသော ပစ္စည်းများ ဖြစ်သည်။ ၎င်းပစ္စည်းများတွင်ပါဝင်သည့် ဓာတ်ငွေ့များသည် လေထုကို ညစ်ညမ်းစေသော ဓာတုပါဝင်နေသည်။

အဆိုးဆုံးမှာ လယ်ယာကဏ္ဍ သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် အသုံးပြုလျက်ရှိကြသော ဓာတုဆေးပစ္စည်းများ၏ အန္တရာယ်ကြီးမားမှုပင် ဖြစ်သည်။

ယခုအခါတွင် စားနပ်ရိက္ခာဖူလုံရေး၊ ပြည်ပပို့ကုန် တိုးမြှင့်ရေးအတွက် သီးနှံများပိုမိုထွက်ရှိစေရန်နှင့် ရောင်းပန်းလှစေရန်အတွက် အရှိန်အဟုန်ဖြင့် စိုက်ပျိုးလာကြသည်။ မိမိသီးနှံပိုးမွှားရောဂါကင်း၍ ဈေးကောင်းရ ရောင်းပန်းလှစေရန် အပြိုင်အဆိုင်ဖြစ်လာကြသည်။ သို့ရာတွင် ဓာတုဆေးပစ္စည်းများဖြစ်သည့် အပင်အားဆေးများ၊ ပိုးမွှားရောဂါသတ်ဆေးများ၊ ပေါင်းသတ်ဆေးများ အပျော့စားမှသည် အပြင်းစားထိ သုံးစွဲမှုပိုမိုလာကြသည်ကို တွေ့ရသည်။ ဤအကျိုးဆက် ဓာတ်ကြွင်းအာနိသင်များကြောင့် လူနှင့်တိရစ္ဆာန်တို့ အသက်အန္တရာယ် ကြုံလာကြရသည်။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ ထုတ်ပြန်ချက်အရ ကမ္ဘာ့လူဦးရေ ၂၅ သန်းခန့်သည် ပိုးသတ်ဆေး အဆိပ်သင့်မှုအန္တရာယ်ကို ခံစားနေကြရသည်။ နှစ်စဉ် လူ ၂၀၀၀၀ ကျော် ပိုးသတ်ဆေး အဆိပ်သင့်မှုကြောင့် သေဆုံးနေရကြောင်း သိရသည်။

ဓာတုဆေးပစ္စည်းများကို သီးနှံပင်ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရန်လည်းကောင်း၊ တိရစ္ဆာန်များတွင် ကပ်ပါးဖြစ်နေသော ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရန်လည်းကောင်း၊ လူတို့၏ ကျန်းမာရေးအထောက်အကူပြု လုပ်ငန်းများတွင်လည်းကောင်း ရည်ရွယ်အသုံးပြုလေ့ရှိပါသည်။ သို့သော် သုံးစွဲမှုမမှန်ကန်မှုကြောင့် ပစ်မှတ် (Target) ကို မထိဘဲ ပတ်ဝန်းကျင် ညစ်ညမ်းမှုအန္တရာယ်ကို ဖန်တီးသလိုဖြစ်သွားစေပါသည်။ စက်ရုံများက စွန့်ပစ်ပစ္စည်းများကိုလည်း ကျင်းတူး၍ စွန့်ပစ်ရမည်။ ဓာတုဆေးဖျန်းသည့်အခါ လူကိုအကာအကွယ်ဖြစ်စေမည့် အဝတ်ကို လုံခြုံအောင်ဝတ်ဆင်ပြီး ဆေးဖျန်းပြီးပါကလည်း တစ်ကိုယ်လုံး ဆပ်ပြာဖြင့်သန့်စင်အောင် ဆေးကြောရမည်။ သို့မှသာ ဓာတုဆေးပစ္စည်းသုံးစွဲသူတို့ အဆိပ်သင့်မှုမှ လွတ်ကင်းစေနိုင်ပြီး အန္တရာယ်မှ လွတ်မြောက်နိုင်ကြမည် ဖြစ်သည်။

ဓာတုဆေးပစ္စည်းများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ လူနှင့် တိရစ္ဆာန်တို့အပေါ် အဆိပ်သင့်မှု၊ ပတ်ဝန်းကျင်ဂေဟစနစ်ပျက်စီးမှု၊ သဘာဝညီမျှခြေ (Natural Equalibrum) ပျက်စီးမှုတို့သည် ဓာတုဆေးပစ္စည်းများ၏ ဓာတ်ဖွဲ့စည်းမှု၊ အဆိပ်ပါဝင်မှုပေါ်မူတည်၍ အမျိုးမျိုးကွဲပြားခြားနားမှုရှိပါသည်။

ဓာတုဆေးပစ္စည်းများသည် အသုံးပြုပြီးပါက ပတ်ဝန်းကျင်ရှိ နေ့အပူချိန် (ခရမ်းလွန်ရောင်ခြည်) အဏုဇီဝပိုးမွှားများအစရှိသည့် ဇီဝဓာတ်ပြုမှုများကြောင့် ဓာတ်ပြိုကွဲသွားသည်။ ၎င်းမှတစ်ဆင့် တစ်နေရာမှ တစ်နေရာသို့ ရွေ့လျားလိုက်ပါပျံ့နှံ့သွားသည်။ ဤသို့ဖြင့် ဓာတ်ကြွင်းများကျန်နေပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်စေရန် သန္ဓေတည်လာစေသည်။ လူနှင့်သတ္တဝါအားလုံးအပေါ် အန္တရာယ်ကျရောက်လာစေပါသည်။

(Acephate) ပိုးသတ်ဆေးသည် ဓာတ်ပြိုကွဲမှုမြန်ဆန်သော်လည်း လူ၊ တိရစ္ဆာန်အပေါ် အဆိပ်သင့်မှုပြင်းထန်စေပါသည်။ (Diazinon) ပိုးသတ်ဆေးသည် ပျားနှင့်ငှက်များအပေါ်တွင် အဆိပ်သင့်မှု မြင့်မားပါသည်။ (Bromadiolone) ကြွက်သတ်ဆေးသည် ငါးများပေါ်တွင် အဆိပ်သင့်မှု မြင့်မားစေပါသည်။ အဆိပ်သင့်မှု ပြင်းထန်စေသော ဓာတုဆေးပစ္စည်းများကို တတ်နိုင်သလောက်အသုံးမပြုမိရန် သတိပြုသင့်ပါသည်။ တချို့ပိုးသတ်ဆေးများသည် သီးနှံစိုက်ခင်းကို ပက်ဖျန်းပြီးပါက သတ်မှတ်ထားသောကာလများကျော်မှသာ စားသုံးသင့်ပါသည်။ စားသုံးမည်ဆိုပါကလည်း မစားသုံးမီ ဆားရည်စိမ်ခြင်း၊ ရေသန့်သန့်ဖြင့် စိမ်ခြင်းများ ပြုလုပ်ပြီးမှသာ စားသုံးသင့်ပါသည်။ သို့မဟုတ်လျှင် အလွန်အန္တရာယ်ကြီးမားလှပါသည်။ ဆေးဖျန်းပြီးပါက သီးနှံအလိုက် ဆွတ်ခူးသင့်သည့် ရက်/ကာလကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်။

စဉ်	သီးနှံအမည်	သုံးစွဲသည့် ပိုးသတ်ဆေး	ဆေးဖျန်းပြီး ဆွတ်ခူးသင့်သည့် ရက်/ကာလ လ
၁။	မုန်ညင်း၊မုန်လာ၊ဆလတ် ချဉ်ပေါင်၊ကန်စွန်း၊ နံနံ၊ပူဒီနာ	ပင်လုံးပျံ့ဆေး ထိသေဆေး	(၂၅-၃၀)ရက် (၁၄)ရက်
	ကိုက်လန်စသည့်အရွက်စား	ထိ-ချက်ချင်း သေဆေး	(၂၅-၃၀)ရက်
၂။	ပန်းမုန်လာ၊မုန်လာထုပ် ဖူးစားပြောင်း၊မုန်လာဥ ရုံးပတီ၊ခရမ်း	ပင်လုံးပျံ့ဆေး ထိသေဆေး ထိ-ချက်ချင်း သေဆေး	(၂၅-၃၀)ရက် (၁၄)ရက် (၂၅-၃၀)ရက်
၃။	သရက်၊မာလကာ၊ကျွဲကော ပန်းသီး၊သစ်တော်သီး ဖရဲသီး၊သခွားသီး သခွားမွှေး၊နဂါးမောက်	ပင်လုံးပျံ့ဆေး ထိသေဆေး ထိ-ချက်ချင်း သေဆေး	(၂၅-၃၀)ရက် (၁၄)ရက် (၂၅-၃၀)ရက်

ဓာတုဆေးပစ္စည်းများ၏ ဓာတ်ကြွင်းများ ခန္ဓာကိုယ်တွင်းသို့ ဝင်ရောက်မှုနှုန်းကို အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားဆေးတက္ကသိုလ်မှ ဒေါက်တာဟိုဝက်မေဘက်က ပါရာသီယွန်ဆေး ခန္ဓာကိုယ်တွင်းသို့ ဝင်ရောက်မှုကိုစမ်းသပ်ရာ လက်ဖျံမှ တစ်မိနစ် နှစ်ရာခိုင်နှုန်း၊ ၁၅ မိနစ် ငါးရာခိုင်နှုန်း၊ တစ်နာရီ ရှစ်ရာခိုင်နှုန်းနှင့် ရှစ်နာရီအတွင်း ၁၆ ရာခိုင်နှုန်းအထိ ဝင်ရောက်နိုင်ကြောင်း စမ်းသပ်တွေ့ရှိခဲ့ပါသည်။ ၎င်း၏ စမ်းသပ်ချက်အရ နဖူးပြင်မှ ဝင်ရောက်မှုသည် လက်ဖျံမှ ဝင်ရောက်မှု၏ ခုနစ်ဆနှင့် ဦးခေါင်းမှ ဝင်ရောက်မှုသည် လက်ဖျံမှဝင်ရောက်မှု၏ လေးဆ ဖြစ်ကြောင်း တွေ့ရှိရသည်။ မလိုအပ်ဘဲ ဓာတုပိုးသတ်ဆေးများကို အသုံးမပြုမိစေရန် သတိပြုသင့်သည်။ ၁၉၈၇-၂၀၀၂ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ ရေကောင်း ရေသန့်များ ပျက်စီးဆုံးရှုံးရခြင်း၏ ၉၈ ရာခိုင်နှုန်းမှာ လယ်ယာကဏ္ဍတွင် ဓာတုပိုးသတ်ဆေးများ၊ ရောဂါသတ်ဆေးများ၊ ပေါင်းသတ်ဆေးများ အသုံးပြုခြင်းကြောင့် ဖြစ်ရသည်ဟု သုတေသီတို့က ဆိုထားပါသည်။

အချို့သော ဓာတုဆေးပစ္စည်း (Ozone Delepting Substants) များသည် လူနှင့်သတ္တဝါတို့၏ အသက်အန္တရာယ်ထိခိုက်စေပြီး ပတ်ဝန်းကျင် ညစ်ညမ်းမှုဖြစ်စေသည့်အပြင် အိုဇုန်းလွှာပျက်စီးမှုကို တိုက်ရိုက်အကျိုးသက်ရောက်မှု ဖြစ်စေပါသည်။ အိုဇုန်းလွှာသည် ကမ္ဘာမြေပြင်အထက် ခြောက်မိုင် မှ မိုင် ၃၀ အတွင်းရှိပြီး အောက်ဆီဂျင် မော်လီကျူးသုံးလုံးဖြင့် ဖွဲ့စည်းထားသော ဓာတ်ငွေ့တစ်မျိုး၏ အလွှာ ဖြစ်သည်။ အိုဇုန်းလွှာသည် နေမှလွှတ်သော ခရမ်းလွန်ရောင်ခြည်များကို စုပ်ယူထားပြီး ကမ္ဘာကြီးပေါ်သို့ ကျရောက်လာမည့်အန္တရာယ်များကို အကာအကွယ်ပေးထားသည့် သဘာဝ အမိုးကြီးတစ်ခုသဖွယ်ဖြစ်သည်။ ၁၉၇၀ ပြည့်နှစ် အစောပိုင်းမှစ၍ ကလိုရင်း၊ ဘရိုမင်း၊ ဖလူအိုရင်း၊ ကာဗွန်နှင့် ဟိုက်ဒရိုဂျင်တို့ပါဝင်သည့် ဓာတ်ပေါင်းများသည် အိုဇုန်းလွှာပျက်စီးစေနိုင်သည့် အဓိကတရားခံများဟု သတိပြုမိလာကြသည်။ အိုဇုန်းလွှာပျက်စီးလာသောအခါ နေမှထုတ်လုပ်သော ခရမ်းလွန်ရောင်ခြည်များသည် ကမ္ဘာကြီးပေါ်သို့ အကာအကွယ်မရှိတော့ဘဲ တိုက်ရိုက်ကျရောက်လာသည်။ အဆိုပါ အကျိုးဆက်များကြောင့် ကမ္ဘာကြီး အပူဓာတ်လွန်ကဲလာခြင်း၊ အပူလှိုင်းများဖြစ်ပေါ်ခြင်း၊ မိုးသည်းထန်ခြင်း၊ လေပြင်းများ တိုက်ခတ်လာခြင်း၊ လျှပ်စီးလှုပ်ခြင်း၊ မုန်တိုင်း တိုက်ခတ်ခြင်း၊ ရေကြီးခြင်း စသည့်ထူးခြားသည့် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်စေပါသည်။

အိုဇုန်းလွှာပျက်စီးစေသည့် ဖြစ်စဉ်သည် အလွန်ကြီးမားလှသော ဖြစ်ရပ်တစ်ခုဖြစ်ပါသည်။ သို့အတွက် အိုဇုန်းလွှာပျက်စီးမှုအန္တရာယ်ကို နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဝိုင်းဝန်းကာကွယ်တားဆီးကြရန် ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်မှ ဦးဆောင်၍ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုဆောင်ရွက်ခဲ့ပါသည်။

၁၉၉၂ ခုနှစ်က ကိုပင်ဟေဂင်မြို့တွင် ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ ညှိနှိုင်းသတ်မှတ်ချက်အရ မီသိုင်းဘရိုမိုက်ပိုးသတ်ဆေးကို အိုဇုန်းလွှာပျက်စီးစေသော ဓာတုပိုးသတ်ဆေးအဖြစ် သတ်မှတ်ခဲ့သည်။ မီသိုင်းဘရိုမိုက်၏ အိုဇုန်းလွှာပျက်စီးစေသောစွမ်းရည် (Ozone Depleting Potential) ကို ၁၉၉၅ ခုနှစ် ဗီယင်နာမြို့တွင် ကျင်းပခဲ့သော အစည်းအဝေးမှ ဒသမ ၇ မှ ဒသမ ၆ သို့ သတ်မှတ်ခဲ့သည်။

၁၉၄၇ ခုနှစ် ဖွန်ထရီရယ်မြို့တွင် ကျင်းပခဲ့သော ညှိနှိုင်းချက်အရ စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် စာချုပ်အဖွဲ့ဝင်မဟုတ်သော နိုင်ငံများထံမှ မီသိုင်းဘရိုမိုက် တင်သွင်းခြင်းကို ခွင့်မပြုရန် ဆုံးဖြတ်ခဲ့ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် မီသိုင်းဘရိုမိုက်သုံးစွဲမှုကို ၂၀၁၅ ခုနှစ်တွင် အပြီးသတ် ရပ်တန့်ရန် ဆုံးဖြတ်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် မီသိုင်းဘရိုမိုက်ဆေးနေရာတွင် အခြားဆေးများဖြင့် အစားထိုးသုံးစွဲလျက်ရှိပါသည်။

သို့ပါ၍ ကျွန်ုပ်တို့၏ ကမ္ဘာကြီး ဓာတုဆေးပစ္စည်းများကြောင့် ညစ်ညမ်းမှုမှကင်းဝေးပြီး အဆိပ်သင့်မှုအန္တရာယ်မှ လွတ်မြောက်စေရန်အတွက် ဓာတုဆေးပစ္စည်းများစတင်ထုတ်လုပ်၊ ထုပ်ပိုး၊ အသုံးပြု ကိုင်တွယ်၊ စွန့်ပစ်စသည့် အဆင့်တိုင်းတွင် ထုတ်လုပ်သူအပိုင်းရော၊ သုံးစွဲသူအပိုင်းကပါ သတိပြု၍ စနစ်တကျ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း အသိပေးရေးသားတင်ပြလိုက်ရပါသည်။ ။

ပညာသင်စရိတ်နှင့် ကျောင်းသုံးစာရေးကိရိယာများ အမြို့မြို့ အနယ်နယ်တွင် ထောက်ပံ့ပေးအပ်

ကျောင်းသုံး စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၀ ရက်က သံတွဲမြို့ မြန်မာ့သစ်လုပ်ငန်းရုံး၌ ကျင်းပရာ မြန်မာ့သစ်လုပ်ငန်း ပြည်နယ်မန်နေဂျာဦးတင်အေးက ကျောင်းသား ကျောင်းသူများကိုယ်စား တာဝန်ရှိသူတစ်ဦးအား ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

ကွမ်းခြံကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကို မေ ၃၁ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တာဝန်ရှိသူတစ်ဦးက ကျောင်းသား တစ်ဦးအား ထောက်ပံ့ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၈ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာတောင်ညွန့်ရပ်ကွက်၌ကျင်းပရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးဌေးဦးကကျောင်းသားတစ်ဦးအားပေးအပ်စဉ်။(ပညာရေး)

ပခုက္ကူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးက ကျောင်းသားကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်စဉ်။ (၁၀၂)

ပုဏ္ဏားကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို မေ ၃၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးက ဝန်ထမ်းသားသမီးများကိုယ်စား တာဝန်ရှိသူတစ်ဦးအား ပညာသင်ထောက်ပံ့ကြေးပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း တာလေမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

❍ ရှေ့ဖုံးမှ

သာသနိကအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဆေးရုံနှင့်လူနေအိမ်များ ပြန်လည်တည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေ၊ ကျာကူနီကျေးရွာကို ဒေသခံပြည်သူတို့၏ ဆန္ဒအရနေရာသစ်သို့ ပြောင်းရွှေ့ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

မနားမနေကြိုးပမ်း

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက (၂၄-၃-၂၀၁၁)ရက်တွင် ပြင်းထန်စွာလှုပ်ခတ်သွားသည့် ငလျင်ဒဏ်ကြောင့် မြောက်မြားစွာပျက်စီးဆုံးရှုံးခဲ့ရသည့် တာလေဒေသကို ပြန်လည်ထူထောင်နိုင်ရန်အတွက် မိမိအနေဖြင့် နိုင်ငံ့ကိုယ်စား (၃-၄-၂၀၁၁)ရက်တွင် ပထမအကြိမ်လာရောက်ခဲ့ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခု ဒုတိယအကြိမ်လိုအပ်သည်များ ထပ်မံဖြည့်ဆည်းပေးနိုင်ရန်အတွက် လာရောက်ခြင်းဖြစ်ကြောင်း၊ ယနေ့အထိ နိုင်ငံတော်က ဖြည့်ဆည်းပေးသည့် တန်ဖိုးပေါင်းသည် ကျပ်သန်းပေါင်း ၁၁၆၂ ဒသမ ၇ ထိရှိပြီး လုပ်ငန်းရှင်၊ စေတနာရှင်ပြည်တွင်းပြည်ပအလှူရှင်များ၏ ငွေအား၊ ပစ္စည်းအားနှင့် ပြန်လည်တည်ဆောက်ရာတွင် သုံးလခန့် အချိန်အတောအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မြောက်မြားစွာဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ ဤသို့ဆောင်ရွက်နိုင်အောင် နိုင်ငံတော်အစိုးရကိုယ်စား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးကိုယ်တိုင် တာလေဒေသတွင် အခြေချပြီး ရှမ်းပြည်နယ်ဝန်ကြီးများ၏ အနီးကပ်ကြီးကြပ်ဆောင်ရွက်မှုနှင့် လုပ်ငန်းရှင်၊ စေတနာရှင်၊ အစိုးရဝန်ထမ်းများ အပါအဝင် ပြည်သူလူထု၏ မနားမနေကြိုးပမ်းဆောင်ရွက်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သော စာသင်ကျောင်း၊ အစိုးရဌာနအဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံ၊ ပြည်သူလူထု၏ မြောက်မြားစွာသော နေအိမ်များ၊ လမ်းတံတားများ စသည်တို့ကို ရာနှုန်းပြည့်နီးပါး အတော်များများကို ပြန်လည်ထူထောင်နိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ကျေးဇူးတင်ရှိ

အချို့ကျန်နေသေးသည့် မပြီးပြတ်သေးသော ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ယခုကဲ့သို့ လအနည်းငယ်အတွင်း အောင်မြင်စွာ ပြန်လည်ထူထောင်နိုင်ခြင်းသည် နိုင်ငံတော်၏ ပံ့ပိုးကူညီဆောင်ရွက်မှုများအပြင် ပြည်တွင်းပြည်ပ လုပ်ငန်းရှင်၊ စေတနာရှင်နှင့် ပြည်သူများ၊ ဆရာတော်ကြီးများ၏ အဘက်ဘက်က အားပေးကူညီဆောင်ရွက်မှုများကြောင့်ဖြစ်သည့်အတွက် ကူညီခဲ့ကြသော ပုဂ္ဂိုလ်များအားလုံးကို နိုင်ငံတော်ကိုယ်စား အထူးပင် ကျေးဇူးတင်ရှိကြောင်းနှင့် နောက်နောင်လည်း ဆက်လက်ကူညီသွားကြမည်ဟု မျှော်လင့်ပါကြောင်း။

အဆောက်အအုံ ပြန်လည်ထူထောင်သည့်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ အဆောက်အအုံများနှင့်အတူ ဆုံးရှုံးမှုဒဏ်ခံခဲ့ရသည့် ကျန်ရစ်သူမိသားစုများကိုလည်း လူမှုရေးအကူအညီများအပြင် စိတ်ဓာတ်ရေးရာမြှင့်တင်မှု၊ နှစ်သိမ့်ဆွေးနွေးမှုပါ ဆက်လက်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ ထို့ကြောင့်လည်း အခြေအနေအချိန်အခါပေးလျှင်ပေးသလို နှစ်သိမ့်ဆွေးနွေးမှုများနှင့်အတူ စိတ်ဓာတ်မြှင့်တင်မှုဆိုင်ရာ ပျော်ပွဲရွှင်ပွဲများ ဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း။

ဆက်လက်ကူညီ

ယခု နောက်ထပ်ကျန်နေသေးသည့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို စေတနာရှင်ပြည်သူများနှင့်အတူ ဆက်လက်ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတက ငလျင်ဒဏ်သင့်ဒေသရှိ ကျာကူနီ-မောဒွေ-တာလေ ကျေးလက်ဒေသဖွံ့ဖြိုးရေး လမ်းပြုပြင်သွားမည့်အခြေအနေနှင့် ကျာကူနီကျေးရွာမှ ပြည်သူများအား ၎င်းတို့၏ ဆန္ဒအရ နေရာပြောင်းရွှေ့ပေးမှုအခြေအနေများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မေးမြန်းပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထောက်ပံ့ပစ္စည်းများပေးအပ်

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် တာချီလိတ်မြို့မှ မော်တော်ယာဉ်များဖြင့် တာလေမြို့ တိုက်နယ်ဆေးရုံသို့ ရောက်ရှိကြပြီး ယာယီဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြသော လူနာများအား အားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က တာလေမြို့ဆေးရုံအတွက် ကျန်းမာရေးဝန်ကြီးဌာနက ထောက်ပံ့သော ဆေးဝါးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ တာချီလိတ်ခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစောလွင်နှင့် တာလေမြို့ တိုက်နယ်ဆေးရုံမှ ဒေါက်တာကံဦးအောင်တို့က လက်ခံကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် ဆေးရုံဟောင်းနေရာ၌ ဆေးရုံအဆောက်အအုံသစ် ပြန်လည်တည်ဆောက်နေမှုကိုလည်းကောင်း၊ တာလေမြို့ မိုင်းလင်းကျေးရွာအုပ်စုအတွင်းရှိ မအန်ခန်ကျေးရွာနှင့် ဖကန်ကျေးရွာတို့၌ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် နေအိမ်များ ပြန်လည်တည်ဆောက်နေမှုနှင့် ပြီးစီးမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကျေးရွာမှ ပြည်သူများအား အားပေးစကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် မိုင်းလင်းကျေးရွာအုပ်စု လန့်တောင်းကျေးရွာရှိ ဆုတောင်းပြည့်လန့်တောင်းဘုရားသို့ ရောက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ဆက်ကပ်လှူဒါန်းပူဇော်သည်။

ယင်းနောက် ဒုတိယသမ္မတသည် အလှူတော်ငွေများကို ဂေါပကအဖွဲ့ထံပေးအပ်လှူဒါန်းပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကာ ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယသမ္မတသည် မိုင်းလင်းကျေးရွာအုပ်စု ဖကန်ကျေးရွာရှိ အိန္ဒိယ-မြန်မာချစ်ကြည်ရေးစီမံကိန်း အစီအစဉ်အရ အိန္ဒိယအစိုးရ၏ လှူဒါန်းမှုဖြင့် တည်ဆောက်ခဲ့သော အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးပြီး ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား အားပေးစကားပြောကြားသည်။

ဖူးမြော်ကြည်ညို

ထို့နောက် ဒုတိယသမ္မတသည် မအန်ခန်ကျေးရွာရှိ မအန်ခန်ကျောင်းတိုက်သို့ ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဇောတိကအား ဖူးမြော်ကြည်ညို၍ အလှူငွေများ ဆက်ကပ်လှူဒါန်းကာ ကျောင်းတိုက်အတွင်း ကျေးရွာသူ ကျေးရွာသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယသမ္မတသည် တာလေမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းဆောင်သစ်များ ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေး၍ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုကာ အားပေးစကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် တာလေမြို့မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာပြီး တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက်သို့ ရောက်ရှိကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဒုတိယသမ္မတနှင့်ဇနီးတို့သည် နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဓမ္မသီရိထံ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် နဂါးနှစ်ကောင် ကျောင်းတိုက်ဆရာတော်ထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကမ္ဘောဇဘဏ်လီမိတက်၊ နောင်တုံကုမ္ပဏီ၊ အောင်ချမ်းသာကုမ္ပဏီနှင့် အေးရှားဝေါလ်ကုမ္ပဏီတို့မှ တာဝန်ရှိသူများက စုပေါင်း၍ တာချီလိတ်မြို့ ဆန်ဆိုင်း အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်တည်ဆောက်ရန်အတွက် အလှူငွေကျပ်သိန်း ၆၀၀ ကို နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် တာချီလိတ်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ဟဲဟိုးမြို့သို့ရောက်ရှိပြီး ဟဲဟိုးမြို့မှ တစ်ဆင့် မော်တော်ယာဉ်များဖြင့် တောင်ကြီးမြို့သို့ ရောက်ရှိကြသည်။

ပေးအပ်လှူဒါန်း

ညပိုင်းတွင် ဒုတိယသမ္မတနှင့်ဇနီးတို့သည် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့ လိုက်ပါလျက် တောင်ကြီးမြို့ စူဠာမဏိလောကချမ်းသာ စေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး စေတီတော်အတွက် အလှူတော်ငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်လုပ်သားအရင်းအမြစ်များ မွေးထုတ်လေ့ကျင့် ပညာပေးလျက်ရှိ

ရန်ကုန် ဇွန် ၂၅

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အလုပ်ရုံဆွေးနွေးပွဲ၏ ရလဒ်အဖြစ် နိုင်ငံတော်သမ္မတက ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ အထောက်အကူပြုကော်မတီများ ဖွဲ့စည်းကာ လုပ်ငန်းစဉ်(၈)ရပ် ချမှတ်တာဝန်ပေးခဲ့ကြောင်း၊ ထိုကဏ္ဍ (၈)ရပ်အနက် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ လုပ်သားအရင်းအမြစ်များ မွေးထုတ်ပေးရန် ဒီဂရီကောလိပ် တစ်ခု၊ ကောလိပ် လေးခုနှင့် သင်တန်းကျောင်း ၂၁ ကျောင်း စုစုပေါင်း ၂၆ ကျောင်းဖြင့် လေ့ကျင့်ပညာပေးလျက်ရှိကြောင်း၊ ထိုသို့ လေ့ကျင့်ပေးလိုက်သော လူငယ်မောင်မယ်များ အနေဖြင့် သမဝါယမလုပ်ငန်းများကို အောက်ခြေမှ အစုအဖွဲ့ငယ်များ စုဖွဲ့ကာ သမဝါယမကဏ္ဍ လူထုကြားသို့ ပျံ့နှံ့သွားစေရေး ဆောင်ရွက်ရန် အရေးကြီးကြောင်းဖြင့် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ဇွန် ၂၄ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ရန်ကုန်သမဝါယမ ဒီဂရီကောလိပ် ဥတ္တရဆောင် စုဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံစဉ် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စာသင်ခန်းမ၊ အဆောက်အအုံများ၊ လမ်းများ၊ ဂျီအီးစီ(ပညာရေး) အရောင်းဆိုင်နှင့် သက်သာချောင်ချိရေး ဆိုင်များ၊ ကျောင်းဥပဓိရုပ် ကောင်းမွန်ရေး ပြုပြင်စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုတ်သုံလေ ဆက်လက်အားကောင်းမည်

နေပြည်တော် ဇွန် ၂၅

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

ထူးခြားသည့်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ၉ နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က တောင်တရုတ်ပင်လယ်ပြင်(တုံကင်ပင်လယ်ကွေ့)တွင် ဖြစ်ပေါ်ခဲ့သော အပူပိုင်းမုန်တိုင်း ဟိုင်မားသည် ဗီယက်နမ်နိုင်ငံမြောက်ပိုင်းကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ဇွန် ၂၆ ရက် ညနေအထိခန့်မှန်းချက်မှာ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ ဆက်လက်အားကောင်းမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

❖ *ကျောဖုံးမှ*

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းက ဒေသဆိုင်ရာအချက်အလက်များ၊ ပြည်နယ်အတွင်း ပညာရေးလုပ်ငန်းများ၊ ကျန်းမာရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးသင့်သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ဒုတိယသမ္မတ၏ တာလေမြို့သို့ ၃-၄-၂၀၁၁ ရက်က လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း ငလျင်ဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ မှာကြားခဲ့မှုအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်နေမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အကောင်အထည်ဖော်

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၁ မတ် ၃၀ ရက်မှစ၍ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဟူ၍ အသီးသီးပေါ်ပေါက်လာပြီဖြစ်ကြောင်း၊ ထို့အတူပင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်ဟူ၍ လွှတ်တော်အသီးသီးလည်း ပေါ်ပေါက်လာပြီ ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာသုံးရပ် ပေါ်ပေါက်လာပြီး တစ်ခုကိုတစ်ခု ထိန်းကျောင်းသည့်စနစ်ဖြင့် နိုင်ငံတော်ကို တိုးတက်ဖွံ့ဖြိုးအောင်၊ တည်ငြိမ်အောင် ဆက်လက်အကောင်အထည်ဖော်သွားရန်ဖြစ်ကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ်အစိုးရတို့သည် မိမိတို့၏ ဒေသအတွင်း အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်အဝဝတို့ကို အခြေခံဥပဒေနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရရှိပြီးဖြစ်သည့်အတွက် မိမိတို့၏ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းများကို အနီးကပ်ကြီးကြပ် ဆောင်ရွက်ရမည့် အဖွဲ့အစည်းဖြစ်သည့်အားလျော်စွာ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများ၊ ရှမ်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို ပိုမို၍ ထိထိရောက်ရောက် ဆောင်ရွက်သွားနိုင်မည် ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်နှင့် သက်ဆိုင်သော အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စအဝဝတို့ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်ဆုံးဖြတ်မှုဖြင့် ဆောင်ရွက်သွားနိုင်သကဲ့သို့ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ပြည်ထောင်စုအစိုးရထံ အသိပေးတင်ပြသွားရန်လည်း လိုအပ်ကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့က စီမံဆောင်ရွက်ရန် ခက်ခဲသောကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့်ညှိနှိုင်းပြီး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အလားတူ ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များသည်လည်း ရှမ်းပြည်နယ်နှင့်သက်ဆိုင်သော လုပ်ငန်းရပ်များဖြစ်ပါက ပြည်နယ်အစိုးရသို့ အချိန်မီ အသိပေးအကြောင်းကြားသွားမည်ဖြစ်ကြောင်း။

ခွင့်ပြုထား

အခြေခံဥပဒေပုဒ်မ ၂၅၄ အရ ရှမ်းပြည်နယ်အစိုးရ၏ လိုအပ်သောရန်ပုံငွေကို ဇယား (၅)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း အခွန်အခများကို ကောက်ခံပြီး ရှမ်းပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေထဲသို့ ပေးသွင်း၍ ယင်းဘဏ္ဍာ ရန်ပုံငွေများကို ဥပဒေနှင့်အညီ ပြန်လည်ထုတ်ယူ သုံးစွဲပိုင်ခွင့်ကိုလည်း ခွင့်ပြုထားပြီးဖြစ်ကြောင်း။

ရေးဆွဲထားသော ရသုံးခန့်မှန်းခြေငွေစာရင်းအရ လိုအပ်သောရန်ပုံငွေများရှိလာပါက ပြည်ထောင်စုရန်ပုံငွေမှ လိုအပ်သလို ဖြည့်ဆည်းပေးခြင်း၊ ထောက်ပံ့ပေးခြင်း၊ ထုတ်ချေးပေးခြင်းများ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ဥပဒေပြုရေး အာဏာရယူထားသည့် ရှမ်းပြည်နယ်လွှတ်တော်ကို ကြည့်မည်ဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်များ၏ ဥပဒေပြုပိုင်ခွင့်စာရင်း (၈)ရပ်အောက်မှ ကဏ္ဍ (၁၄)ခုကို ရှမ်းပြည်နယ်လူထု၏ အကျိုးစီးပွားအတွက် ပြည်နယ်အစိုးရနှင့် ညှိနှိုင်းပြီး ဥပဒေများကို ပြုပြင်ခြင်း၊ တင်သွင်းခြင်း၊ ပယ်ဖျက်ခြင်းများ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ ရှမ်းပြည်နယ်လွှတ်တော်၏ ဖွဲ့စည်းပုံအရ ယခုလွှတ်တော်ကိုယ်စားလှယ် (၁၄၃) ဦးရှိနေပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒသဘောထားဖြင့် ဥပဒေပြုနိုင်မည် ဖြစ်ကြောင်း၊ ထို့အတူပင် တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားသူကြီးများဆိုလျှင်လည်း အခြေခံဥပဒေအရ ခန့်အပ်ပြီးပါက တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကို ဥပဒေနှင့်အညီ လွတ်လပ်စွာစီရင် ဆောင်ရွက်နိုင်ခွင့်ရှိနေပြီဖြစ်ကြောင်း။

အလျင်အမြန်ဆောင်ရွက်

မြန်မာနိုင်ငံ၏ လူဦးရေသန်းပေါင်း ၆၀ နီးပါး၊ ပြည်သူလူထု၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်သူများဖြစ်သည့် အားလျော်စွာ ၎င်းတို့၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာပါမှ မြန်မာနိုင်ငံ၏ လူမှုစီးပွားဘဝတိုးတက်လာမည်ဖြစ်ကြောင်း၊ အဆိုပါ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူလူထုများ လူနေမှုဘဝ တိုးတက်မြင့်မားလာစေရန်အတွက် “ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်း” စီမံချက်ကိုရေးဆွဲပြီး အကောင်အထည်ဖော်နေပြီ ဖြစ်ကြောင်း၊ အကောင်အထည်ဖော်ရမည့် လုပ်ငန်း(၈)ရပ်သည် ပြည်တွင်း၊ ပြည်ပစီးပွားရေးပညာရှင်၊ အတတ်ပညာရှင်များ အားလုံးစုစည်းပြီး နေပြည်တော်၌ အလုပ်ရုံဆွေးနွေးပွဲကျင်းပကာ မိမိတို့နိုင်ငံနှင့် အသင့်တော်ဆုံး၊ အဖြစ်နိုင်ဆုံး ဖွံ့ဖြိုးရေးလုပ်ငန်းရပ်များဖြစ်သည်ကို တွေ့ရပြီး အကောင်အထည်ဖော်ရန် အလျင်အမြန် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မိမိတို့နယ်မြေ၊ ဒေသ၊ ရာသီဥတု၊ တောတောင် အခြေအနေ၊ ယဉ်ကျေးမှုနှင့် လိုက်ဖက်မည့် အခြေအနေပေါ်မူတည်၍လည်း ပြောင်းလဲအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ပြည်သူလူထု အများစု၏ အကျိုးစီးပွား တိုးတက်ဖြစ်ထွန်းလာမည် ဖြစ်သည့်အတွက် ယခုဖော်ဆောင်မည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းအစီအမံကို အောင်မြင်နိုင်ရန် ယခုလုပ်ငန်းကို (Top-down) အပေါ်မှ အတင်းအဓမ္မစေခိုင်းချက်အရ လုပ်သည့်ပုံစံမျိုး မဟုတ်ဘဲ (Botton-up) ဟုခေါ်သည့် မိမိနှင့် စိတ်တူကိုယ်တူ၊ သဘောထားချင်း တူညီသော ပြည်သူလူထုအများ ပူးပေါင်းဆောင်ရွက်စေပြီး ပြည်နယ်အစိုးရနှင့် ဝန်ကြီးဌာနများက တတ်အားသရွေ့ နည်းပညာနှင့်ငွေကြေးများကို ဥပဒေနှင့်အညီ ဘေးတိုက်အနေဖြင့် ကူညီ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

စောင့်သိရိုသေ

နိုင်ငံ့ဝန်ထမ်းနှင့်ပတ်သက်၍ ပြောရမည်ဆိုလျှင် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စအားလုံး ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့် ဝန်ထမ်း နှစ်ဦးနှစ်ဖက် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှသာ ဖြစ်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းမပါလျှင် လုပ်ငန်းများ မအောင်မြင်နိုင်သကဲ့သို့ နိုင်ငံတော်အစိုးရမရှိလျှင်လည်း ဝန်ထမ်းဆိုသည် မရှိနိုင်ကြောင်း၊ ဝန်ထမ်းသည် နိုင်ငံတော်အပေါ်၌ သစ္စာစောင့်သိရိုသေရမည်ဖြစ်ကြောင်း။

ထို့ပြင် နိုင်ငံ့ဝန်ထမ်းများသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ ပါတီနိုင်ငံရေးကင်းရှင်းရန်လိုကြောင်း၊ ဝန်ထမ်းများ အရည်အသွေး မြင့်မားရေးအတွက် နိုင်ငံတော်အပိုင်းက စီမံဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိရိုသေပြီး ဝန်ထမ်းကျင့်ဝတ်ကို ထိန်းသိမ်းလိုက်နာကြရန်နှင့် အဂတိတရားကင်းရှင်းကြရန်လိုအပ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်က ပေးအပ်သည့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြပြီး နိုင်ငံတော်သမ္မတ မိန့်ကြားခဲ့သော သန့်ရှင်းသော အစိုးရဖြစ်စေရန်အတွက် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရာ၌ တမင်နှောင့်နှေးကြန့်ကြာအောင် ပြုလုပ်ပြီးမှ တံစိုးလက်ဆောင်များ တောင်းခံခြင်း၊ လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်းများ မပြုလုပ်ကြရန်နှင့် ထင်သာမြင်သာဖြစ်သော ကောင်းမွန်သည့် အုပ်ချုပ်မှုဖြစ်ရေးအတွက် မိမိ၏တာဝန် ဝတ္တရားများကို စိတ်ရင်းစေတနာ မှန်ကန်စွာဖြင့်

၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီ စတုတ္ထအကြိမ် ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇွန် ၂၅

၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ကျောက်မျက်ရတနာပြတိုက်အနီးရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီ နာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသိန်းထိုက် ၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ ၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးငွေအောင်၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မြင့်အောင်သန်း၊ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဆပ်ကော်မတီများမှ ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ အသင်းဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဆပ်ကော်မတီများက ကော်မတီအလိုက် လုပ်ငန်းများစီမံဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်နေဆဲ အခြေအနေများ၊ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဆွေးနွေး

ယင်းနောက် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက အထူးရောင်းချပွဲတွင် ပါဝင်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် ၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီနာယက ပြည်ထောင်စုဝန်ကြီးက တင်ပြဆွေးနွေးချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး မကြာမီ ကျင်းပမည့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲကြီးအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်မှုများကို ဆပ်ကော်မတီ အသီးသီးက အမြန်ဆုံး ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် အထူးရောင်းချပွဲကျင်းပနေစဉ် ကာလတွင်လည်း မိမိတို့၏ လုပ်ငန်းတာဝန်များကို ပြည့်စုံအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ပုံနှိပ်ထုတ်ဝေရေးနှင့် သတင်းမီဒီယာပြပွဲ ၂၀၁၁ ဖွင့်

ရန်ကုန် ဇွန် ၂၅

မြန်မာနိုင်ငံ ပုံနှိပ်ထုတ်ဝေရေးနှင့် သတင်းမီဒီယာပြပွဲ ၂၀၁၁ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)၊ မြန်မာနိုင်ငံ ပုံနှိပ်သူများနှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးနှင့် Universal Link Service Co., Ltd. အုပ်ချုပ်မှုဒါရိုက်တာ ဦးမျိုးဦးတို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** ခန်းမအတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါပြပွဲကို မြန်မာ့ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးနယ်ပယ်နှင့် မြန်မာ့မီဒီယာကဏ္ဍကို ပိုမိုတိုးတက်ဖွံ့ဖြိုးစေရန်၊ မြန်မာ့မီဒီယာကဏ္ဍအတွင်းရှိ ဆက်စပ်လုပ်ငန်းများအကြား ပေါင်းကူးဆက်သွယ်ချိတ်ဆက်ပေးရန်၊ တက်သစ်စကလောင်သစ်များ၊ အသစ်ထုတ်ဝေသည့် စာပေများ၊ ဂျာနယ်နှင့် မဂ္ဂဇင်းများ၊ ထုတ်လွှင့်လျက်ရှိသော ရုပ်သံ/ ရေဒီယိုလိုင်းများနှင့် အများပြည်သူများအကြား ရင်းနှီးကျွမ်းဝင်မှုရှိစေရေး မိတ်ဆက်ထိတွေ့ပေးရန်နှင့် မြန်မာ့မီဒီယာကဏ္ဍကို ပံ့ပိုးပေးနေသော ဆက်စပ်လုပ်ငန်းများဖြစ်သည့် ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းများ၊ ဖြန့်ချိရေးလုပ်ငန်းများ၊ စာအုပ်တိုက်များ၊ ဒီဇိုင်းလုပ်ငန်းများ၊ ကြော်ငြာအေဂျင်စီများစသည်တို့အား တစ်နေရာတည်းတွင် တစုတဝေးတည်း လေ့လာသိရှိနိုင်စေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

ပြပွဲတွင် ကုမ္ပဏီ ၄၅ ခုက ပြခန်းပေါင်း ၁၁၀ ခန်းကျင်းပြသထားကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ထမ်းဆောင်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ဌာနဆိုင်ရာ အသီးသီးမှ ဝန်ထမ်းများအနေဖြင့်လည်း မိမိဌာနတွင်း အခက်အခဲများ၊ မိမိကိုယ်ရေးကိုယ်တာ ကိစ္စကြီးငယ်များကို သက်ဆိုင်ရာ ဌာနအကြီးအကဲမှတစ်ဆင့်သော်လည်းကောင်း၊ တိုက်ရိုက်သော် လည်းကောင်း တင်ပြနိုင်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို အတတ်နိုင်ဆုံးပြေလည်အောင် စည်းမျဉ်းစည်းကမ်းဘောင်အတွင်းက ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**

ဘားအံမြို့နယ် မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်မှုကို ဇွန် ၁၂ ရက်က မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်အောင်၊ အမှုဆောင်အရာရှိ ဦးနီထွန်းနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြီးကြပ်ကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ-ထိုင်း စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၅

မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် ထိုင်းနိုင်ငံ Thai Chamber of Commerce (TCC)and the Board of Trade of Thiland (BOT) ခေါင်းဆောင်သော စီးပွားရေးလုပ်ငန်းရှင်များ စီးပွားရေးလုပ်ငန်းများအလိုက်တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၂၉ ရက် နံနက် ၉ နာရီတွင် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးကြမည်

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် စားသောက်ကုန်လုပ်ငန်း၊ကျန်းမာရေးဆိုင်ရာ အလှကုန်ပစ္စည်း အမျိုးမျိုး၊ စာရေးကိရိယာပစ္စည်းများ၊ ပညာရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်အပိုပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ လျှပ်စစ်နှင့်လျှပ်စစ်ဆိုင်ရာအပိုပစ္စည်းအမျိုးမျိုး၊ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ စက်မှုလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းကိရိယာများ၊ခရီးသွားဝန်ဆောင်မှုလုပ်ငန်း အစရှိသော လုပ်ငန်းများကို အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရန် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ပြီးအထက်ပါ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လိုသူများသည် ကုန်သည်/ စက်မှုအသင်းချုပ် နိုင်ငံတကာဆက်ဆံရေးဌာနသို့ ဖုန်း-၂၁၄၃၄၄-၄၉ သို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

စီမံကိန်းတာဝန်ပေးအပ်ပွဲ ပုလဲမြို့နယ်၌ ကျင်းပ

ပုလဲ ဇွန် ၂၅

ပုလဲမြို့နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ် နှစ်စဉ် စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်ရေးတာဝန်ပေးအပ်ပွဲကို ဇွန် ၁၃ ရက် မွန်းတည့် ၁၂နာရီက အထွေထွေအုပ်ချုပ်ရေးမှူးရုံး ပုလဲရတနာခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးဌာန ဦးကျော်ဇေသီဟသူက စီမံကိန်းသီးနှံစိုက်ပျိုးရေးတာဝန်ပေးအပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက စီမံကိန်းတာဝန်ပေးအပ်လွှာများကို မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

ဇွန် ၁၁ ရက်က သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေး၊ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဗိုလ်ချုပ်လမ်းဘေး ဝဲယာတစ်လျှောက် အဖွဲ့ဝန်ထမ်းများစုပေါင်း၍ ချုံနွယ်များ ရှင်းလင်းခြင်း၊ ရေမြောင်းတူးဖော်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးကျော်လင်းသန်းနှင့် အင်ဂျင်နီယာမှူး ဦးလှမျိုးဝင်းတို့ ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

ရေမြောင်းကူးတံတားလုပ်ငန်း လပွတ္တာ၌ ဆောင်ရွက်

လပွတ္တာ ဇွန် ၂၅

လပွတ္တာမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ အမှတ်(၅)ရပ်ကွက် စိန်ရတုလမ်းရှိ အောင်မင်္ဂလာလမ်းဆုံတွင်ရေမြောင်းကူးတံတား လုပ်ငန်းဆောင်ရွက်ရာ ဇွန် ၁၅ရက်ကအမှုဆောင်အရာရှိနှင့်တာဝန်ရှိသူများကွင်းဆင်းကြီးကြပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကန်ကြီးထောင့်မြို့နယ်၌ကျင်းပ

ကန်ကြီးထောင့် ဇွန် ၂၅

၂၀၁၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၅ ရက်က ကန်ကြီးထောင့်မြို့နယ် မိချောင်းတရာကျေးရွာအုပ်စု၌ကျင်းပရာ အခမ်းအနားတွင် ကန်ကြီးထောင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်ချို၊ တောအုပ်ကြီး ဦးယုမောင်ထွန်းနှင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများက ကျွန်း၁၇၀၀နှင့် အခြားသစ်ပင်ပေါင်း ၆၀၀၀ကျော်တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြန်မာ့အလင်း)**

ရခိုင်သဟာယအသင်း(ရန်ကုန်) ရွှေရတုပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၅

ရခိုင်သဟာယအသင်း(ရန်ကုန်)၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ်မွှောရုံ၌ ဇူလိုင် ၉ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းသူအသင်းသားများ၊ ပညာထူးချွန်ဆု/ ပညာသင်ဆုရ လက်ရှိကျောင်းသား ကျောင်းသူများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ အနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် ပန်းချီ၊ ဓာတ်ပုံ၊ စာအုပ်ပြပွဲကိုလည်း ဇူလိုင် ၉ ရက်နှင့် ၁၀ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ပြသထားမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ ကြည့်ရှုလေ့လာနိုင်ကြကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

မြဝတီရုပ်မြင်သံကြား

၂၆-၆-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၄။ တရားတော်
- ၇:၁၅ ၅။ ဓမ္မပူဇာတေး
- ၇:၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၇။ မြန်မာ့ရှုခင်း
- ၇:၃၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၁၁:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၁၁:၀၅ ၄။ အဖွင့်သီချင်း
- ၁၁:၁၀ ၅။ မျိုးချစ်တပ်မတော်
- ၁၁:၂၀ ၆။ ကာတွန်းအစီအစဉ် **ဘော့စ်ဘောကြယ်ပွင့်များ** (အပိုင်း-၁၆)
- ၁၁:၄၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပြဇာတ်တစ်ပုဒ်ရဲ့ဇာတ်သိမ်းခန်း**
- ၁၂:၃၀ ၈။ ကျန်းမာသုတ
- ၁၂:၄၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၇၉)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄:၀၅ ၄။ အဖွင့်သီချင်း
- ၄:၁၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၁၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၂၀ ၇။ လျှပ်တစ်ပြက်
- ၄:၃၀ ၈။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၄:၄၀ ၉။ မြန်မာ့ရှုခင်း
- ၅:၁၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၅ ၁၁။ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၄။ ဘဝကြေးမုံ **ချောင်းကူးကြသူများ** သဇင်ထူးနိုင်၊ အကယ်ဒမီစံရှားတင်နှင့် သရုပ်ဆောင်များ [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]
- ၆:၅၀ ၁၅။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာ့စံအိမ်** (အပိုင်း-၃၅)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ ပဟေဠိနန်းတော်
- ၂၂။ ကျန်းမာသုတ
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပေါင်မုန့်အချစ် အိပ်မက်လေးရယ်** (အပိုင်း-၁၄)
- ၂၅။ **2011 FIFA WOMEN'S WORLD CUP (GERMANY) Germany Vs Canada (Live)**

ကုက္ကိုစုကျေးရွာ အထက်တန်းကျောင်း(ခွဲ)သို့ စာအုပ်များပေးအပ်လှူဒါန်း

ရေစကြို ဇွန် ၂၅

ရေစကြိုမြို့နယ် ကုက္ကိုစုကျေးရွာ အထက်တန်းကျောင်း(ခွဲ)နှင့် ပညာရေးဖောင်ဒေးရှင်းသို့ စာအုပ်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို အဆိုပါအထက်တန်းကျောင်း(ခွဲ)၌ ဇွန် ၁၄ ရက်က ကျင်းပရာ စာရေးဆရာ စေတနာလှိုင်(ရေစကြို)၏ ငွေကျပ် ၂၁၀၀၀၀ တန်ဖိုးရှိ ရွှေစည်းကမ်းနှင့် ရွှေနည်းလမ်းစာအုပ် ၁၂၀ နှင့် အလှူငွေကျပ် တစ်သိန်းခွဲကို စာရေးသူကိုယ်စား ရေစကြို မြို့မှ ဒေါက်တာကျော်ငွေက ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြန်မာ့အလင်း)**

ထားဝယ်ခရိုင် လောင်းလုံမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ဇွန် ၁၃ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးမြသန်းနှင့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးစဉ်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

တိုးချဲ့အဆောက်အအုံများ ကြပ်မတ်ပေးပါ

စာတည်းခင်ဗျား-

လှိုင်မြို့နယ် အမှတ် (၅)ရပ်ကွက် အပိုင်း (၂) မြကန်သာလမ်းမကြီး မြကန်သာအိမ်ရာ တိုက် (၁)ရှိ မြေညီတိုက်ခန်း၌ နေထိုင်သူများသည် ကားပါကင်နေရာများတွင် တရားမဝင်တိုးချဲ့အဆောက်အအုံများ အခိုင်အမာဆောက်လုပ်ထားပါသဖြင့် ကားထားရန်နှင့် လူသွားရန် အခက်အခဲရှိပါသောကြောင့် သက်ဆိုင်ရာမှ လိုအပ်သလိုကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

တိုက်ခန်းနေသူများ

သံဒယ်အိုးလုပ်ငန်း နားမခံသာအောင်ဆူညံ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အမှတ်(၇)ရပ်ကွက် တေးဥယျာဉ်(၃)လမ်းရှိ သံဒယ်အိုးလုပ်ငန်းမှ ထုရိုက်သံများမှာ နားမခံသာအောင် ဆူညံနေပါသဖြင့် ပတ်ဝန်းကျင်နေ ပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါသောကြောင့် သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

လောင်စာဆီကြောင့် မီးဘေးစိုးရိမ်

စာတည်းရှင်-

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဘုန်းစိုးရပ်ကွက် ကျောက္ကာလမ်းနှင့် ပေ ၈၀ လမ်းအနီးရှိ အိမ်တစ်အိမ်သည် ဓာတ်ဆီပီပါများ သိုလှောင်ကာ အိမ်ရှေ့တွင် လက်လီလက်ကား ရောင်းချနေပါသဖြင့် မီးဘေးအန္တရာယ်စိုးရိမ်ရပါသောကြောင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သူများ

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

CCM (ဓော်ဘွားကြီးကုန်း) ဆိုင်သစ်ဖွင့်လှစ်ခြင်း

Champion Construction Materials Co.,Ltd ၏

" ဖွင့်ပွဲ အထူး အစီအစဉ် " ... Discount များစွာဖြင့်....

လိပ်စာ — အမှတ် (၇/စ)၊ အဆောင် (၁၆)၊ ကျောက်စိမ်း (၇) လမ်း၊ ဓော်ဘွားကြီးကုန်း၊ အင်းစိန်။ ဖုန်း - ...

ရွှေ ပညာသင်တန်း

OFF 40%

GIA, HRD, IGI

2 Color· 3 Color

PH: 09-515 8813,09-73038198

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် ၁၉၊ ဗိုလ်မင်းရောင်လမ်း၊ (၃၅)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ
ဒေါက်တာရဲညွန့်(ဆေးရုံအုပ်-ငြိမ်း)-ဒေါက်တာခင်လှရွှေ
(မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ငြိမ်း)တို့၏သား

မောင်ဇော်ရဲအောင် B.A(Eco) (A/B-WGM Shipping)

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊အမှတ် ၈၃၊ A-3၊မာလာမြိုင် ၂လမ်း၊(၁၆)ရပ်ကွက်၊
လှိုင်မြို့နယ်နေ ဦးစိုးနိုင်-ဒေါ်အေးအေးနွယ်တို့၏တစ်ဦးတည်းသောသမီး

မခိုင်စုစုနိုင် B.A (Eco)

တို့သည် ၂၅-၆-၂၀၁၁ရက်တွင် နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးများ၏ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဇော်ရဲအောင်-မခိုင်စုစုနိုင်

Mr.SAI

သော်လျှံ

ခြံရောင်းမည်

မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သိဒ္ဓိပါမောက္ခလမ်းသွယ် ပေ၄၀× ပေ၁၀၀ခြံ ရေ၊ မီးစုံ (RC) တိုက်တစ်လုံးပါ။
ညှိနှိုင်းဈေးဖြင့်အမြန်ရောင်းမည်။
ဆက်သွယ်ရန်-ဖုန်း-၀၉-၇၃၀၄၁၀၂၄

အကြော်ပြ ... မျက်စိကြည့်ဆေး

အမြန်ပြန်လာပါ

အထက်ပါဓာတ်ပုံရှင် အဖ ဦးဆန်းဝင်း၏ သားဖြစ်သူ မောင်အောင်ကျော်ဖြိုး ၁၄/ကကန(နိုင်)၁၂၁၉၂၅

အသက် ၁၅နှစ်ခန့်သည် ၂၁-၆-၂၀၁၁ ရက် နံနက် ၈း၃၀နာရီတွင် ကျောင်းကုန်းမြို့ အမှတ်(၃)ရပ်ကွက်မှ ကျောင်းသို့သွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်း ကြားပေးပါရန်နှင့် သွေးဆောင်ဖြားယောင်း လက်ခံထားသူများအား ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးဆန်းဝင်း
ဖုန်း-၀၉-၄၉၇၄၉၉၇၄၊
၀၉-၅၁၅၆၁၉၉၊
၀၉-၇၃၀၀၄၆၆၃

မြန်မာ့အလင်း စာအုပ်စင်

ပုဂံစေတီပုထိုးများ၏ မှတ်တမ်းဝင် ရှေးဟောင်းဓာတ်ပုံများ(ဒုတိယတွဲ) စာအုပ်နှင့် ပြည်ဒေသရှိ သမိုင်းဝင်စေတီပုထိုးများ မှတ်တမ်းစာအုပ်တို့ကို ထုတ်ဝေဖြန့်ချိ

နေပြည်တော် ဇွန် ၂၅

ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနက ပုဂံစေတီပုထိုးများ၏ မှတ်တမ်းဝင်ရှေးဟောင်းဓာတ်ပုံများ (ဒုတိယတွဲ)နှင့် ပြည်ဒေသရှိ သမိုင်းဝင် စေတီပုထိုးများ မှတ်တမ်းတို့ကို ပုံနှိပ်ထုတ်ဝေ ဖြန့်ချိလိုက်သည်။

ပုဂံစေတီပုထိုးများ၏ မှတ်တမ်းဝင် ရှေးဟောင်းဓာတ်ပုံများ(ဒုတိယတွဲ)စာအုပ်သည် ရှေးဟောင်းသုတေသနဌာနက ၁၉၀၆ ခုနှစ်မှ ၁၉၂၀ ခုနှစ်အတွင်း ပုဂံဒေသရှိ ရှေးဟောင်းအဆောက်အအုံများကို ရိုက်ကူးမှတ်တမ်းတင်ထားသော ရှေးဟောင်းဓာတ်ပုံများ ရိုက်နှိပ်ဖော်ပြထားခြင်းဖြစ်သည်။

ပြည်ဒေသရှိ သမိုင်းဝင်စေတီပုထိုးများမှတ်တမ်းစာအုပ်သည် မြန်မာ့သမိုင်းတွင် ထူးခြားစွာ ပေါ်ထွန်းခဲ့သော သရေခေတ္တရာ ပျူမြို့ပြနိုင်ငံခေတ် လက်ရာစေတီပုထိုးဂူဘုရားများ၏ ဗိသုကာလက်ရာများ၊ ကြီးမားခံ့ထည်လှသည့် စေတီများ၊ မုခ်ပေါင်းကူးအားပြုအခြေခံဂူဘုရားများအပြင် ခေတ်အဆက်ဆက် စေတီပုထိုးများအကြောင်း မှတ်တမ်းပြုစုဖော်ပြထားခြင်း ဖြစ်သည်။

၎င်းစာအုပ်များကို ရန်ကုန်၊ မန္တလေး၊ ပုဂံအပါအဝင်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ပြတိုက်နှင့် စာကြည့်တိုက်များ၌ လည်းကောင်း၊ နေပြည်တော်ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅)၊ ဖုန်း-၀၆၇-၄၀၈၀၂၆၊ ၀၆၇-၄၀၈၀၄၀သို့လည်းကောင်း ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပုံနှိပ်ထုတ်ဝေရေးနှင့် သတင်းမီဒီယာပြပွဲကျင်းပ

ပရိဘောဂပြခန်း ပါဝင်ပြသ

ရန်ကုန် ဇွန် ၂၅

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မြန်မာနိုင်ငံပုံနှိပ်ထုတ်ဝေရေးနှင့် သတင်းမီဒီယာပြပွဲ ၂၀၁၁ကို ဇွန် ၂၅ရက်မှ ၂၆ရက်အထိ ခင်းကျင်းပြသလျက်ရှိရာ é Ko Office Furniture ပြခန်း ပါဝင်ပြသလျက်ရှိပြီး အဆိုပါပြခန်းတွင် နိုင်ငံတကာအဆင့်မီ ကုမ္ပဏီရုံးခန်းကြီးများ၊ အစည်းအဝေးခန်းမကြီးများ၊ ဟိုတယ်နှင့်စားသောက်ဆိုင်သုံး ပရိဘောဂများ၊ ဘဏ်လုပ်ငန်းသုံး ပရိဘောဂများကို ခင်းကျင်းပြသထားကြောင်း သိရှိရသည်။

ဆက်သွယ်နိုင်

နိုင်ငံတကာ အဆင့်မီ ကုမ္ပဏီရုံးခန်းများကို တည်ဆောက်ရန်အတွက် é Ko one stop office Solution မှ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိရာ ဧည့်ခန်း၊ Reception, Waiting Area, Call Room, CEO Room, MD Room, BOD Room, Meeting Room, Conference Room, System office, Round discussion နှင့် ဝန်ဆောင်မှုများဖြစ်သည့် Roller Blind, Carpt Tile များကို စနစ်တကျ စီစဉ်တိုင်းတာခြင်း၊ Sitting Plan ချပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့်ပြပွဲအပြီး အမှတ် A (2) ရွှေကမ္ဘာအိမ်ရာ မင်းဓမ္မလမ်း မရမ်းကုန်းမြို့နယ် ဖုန်း-၆၅၂၃၉၁၊ ၀၉-၇၃၁၀၈၈၉၆ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၆-၆ -၂၀၁၁
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော်
- ၇း၁၅ ၂။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၀ ၆။ **သက်ရှည်ကျန်းမာ လေ့ကျင့်ပါ**
- ၈း၀၀ ၇။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈း၁၀ ၈။ အကပြိုင်ပွဲ
- ၈း၂၀ ၉။ **မင်းမသိသေးပါဘူးကွာ**
- ၈း၃၀ ၁၀။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
- ၈း၄၀ ၁၁။ International News
- ၈း၄၅ ၁၂။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၅၄)
- ၁၂း၃၀ ၅။ Golf Magazine (TV)
- ၁၂း၅၀ ၆။ ရုပ်မြင်သံကြားဇာတ်လမ်း **ထိချက်မှန်သော မြားတစ်စင်း** ထွန်းထွန်း၊ ဇော်ဝမ်း၊ နဝရတ် (ဒါရိုက်တာ-မျိုးအေး)
- ၁၃း၅၀ ၇။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
- ၁၄း၀၀ ၈။ ဘူမိအပူသုံးစွမ်းအင်များ (အပိုင်း-၂)
- ၁၄း၁၅ ၉။ အတီးပြိုင်ပွဲ
- ၁၄း၅၀ ၁၀။ International News
- ၁၅း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
- ၄း၃၀ ၄။ အဆိုပြိုင်ပွဲ
- ၄း၃၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ပထမနှစ် (အိမ်တွင်းစီးပွားအထူးပြု) (အိမ်တွင်းစီးပွား)
- ၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၅ ၇။ **မြေဆီစိုက်ကွက် သစ်ပင်စိုက်ဖို့ လူတိုင်းပါဝင် ဆောင်ရွက်စို့**
- ၅း၀၅ ၈။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ တေးများ
- ၅း၁၅ ၉။ ဆိုကြမယ်၊ပျော်ကြမယ်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ကာတွန်းအစီအစဉ် **ကွမ်တမ်မင်း**(အပိုင်း-၂၄)
- ၆း၄၀ ၁၃။ တစ်မျက်နှာ၊ တစ်ကွက်စာ **သူခိုးပါတော့** ကောင်းပြည့်၊ထွန်းလင်း၊ နှင်းစုခိုင်ဦး ဒါရိုက်တာ- ဆောင်(MMG)
- ၇း၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်နဲ့အမုန်း** (အပိုင်း-၂၂)
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ) (အပိုင်း-၂၆)
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရှုပ်ထွေးဆန်းကြယ်** (အပိုင်း-၁၈)
- ၂၀။ အစီအစဉ်ပြီး၏။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တောင်ကြီးမြို့ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ကျေးလက်နေပြည်သူလူထု လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာပါမှ နိုင်ငံ၏လူမှုစီးပွားဘဝ တိုးတက်လာမည်
ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း (၈)ရပ် မိမိတို့နိုင်ငံနှင့် အသင့်တော်ဆုံးဖြစ်
ဝန်ထမ်းများ နိုင်ငံတော်အပေါ်သစ္စာစောင့်သိပြီး ဝန်ထမ်းကျင့်ဝတ်လိုက်နာကာ အဂတိတရား ကင်းရှင်းရန်လိုအပ်

နေပြည်တော် ဇွန် ၂၅

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဇွန် ၂၄ ရက် ည ၇ နာရီတွင် တောင်ကြီးမြို့ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ❖